# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၃ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၁၀)၊ ၁၃၈၈ ခုနှစ် ၊ ပထမဝါဆိုလပြည့်ကျော် ၇ ရက် ၊ ၆-၇-၂၀၂၆၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လွှန်ပရာဘန်မြို့ရှိ တော်ဝင်နန်းတော်ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဇူလိုင် ၅

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လွှန်ပရာဘန်မြို့ရှိ တော်ဝင်နန်းတော်ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ် အဖွဲ့သည် ဗီယင်ကျန်းမြို့ ဝပ်တိုင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် လွှန်ပရာဘန်မြို့သို့ ထွက်ခွာကြရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ

စာမျက်နှာ ၃ သို့ ☆





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ လွှန်ပရာဘန်မြို့ တော်ဝင်နန်းတော်ပြတိုက်အတွင်းရှိ လာအိုရှေးဟောင်း "ဖဘန်" ဘုရားကို ဖူးမြော်ကြည်ညိုစဉ်။

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၅

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်း - အနောက်ဘင်္ဂလား ပြည်နယ်ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် လည်းကောင်း ယနေ့နံနက်မှ ဇူလိုင် ၁၂ ရက်အတွင်း နေပြည်တော်၊



၆-၇-၂၀၂၆ ရက်နေ့မှ ၁၂-၇-၂၀၂၆ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြု မော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှု အခြေအနေ ခန့်မှန်းချက်ပြပုံ။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊

စာမျက်နှာ ၄ သို့ ❖

## ညောင်ဦးမြို့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ မဟာဗောဓိဘုရားတွင် နံရံဆေးရေးပန်းချီ အထောက်အထားအသစ် ဖော်ထုတ်တွေ့ရှိ

ပုဂံ ဇူလိုင် ၅

အိန္ဒိယနိုင်ငံမှ Archaeological Survey of India (ASI) အဖွဲ့သည် ပုဂံဒေသရှိ ရှေးဟောင်းအဆောက်အအုံအမှတ် (၁၆၇၀) မဟာဗောဓိဘုရားအား အဆောက်အအုံပိုင်းဆိုင်ရာ ပြုပြင်ထိန်းသိမ်းခြင်းနှင့် အင်္ဂတေပန်းလက်ရာများ ကြေးချွတ်သန့်စင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ နံရံဆေးရေးပန်းချီ ရှိ၊ မရှိ စမ်းသပ်ကွက်တွင် နံရံဆေးရေးပန်းချီ တွေ့ရှိခဲ့ကြောင်း သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ မဟာဗောဓိဘုရား အပေါ်ထပ်ဂန္ဓကုဋိတိုက် အတွင်းပိုင်း ထုံးသားလွှာအောက်တွင် နံရံပန်းချီ ရှိ၊ မရှိ

စာမျက်နှာ ၄ သို့ ☆



မဟာဗောဓိဘုရားရှိ နံရံဆေးရေးပန်းချီကို တွေ့ရစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၅

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

၂၀၂၆ ခုနှစ်၊ ဇူလိုင် ၆ ရက်၊ တနင်္လာနေ့။

# မြန်မာ-လာအို လျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်လျက်ရှိ

လာအိုနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ၏ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာ-လာအို လျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှု စာချွန်လွှာအရ မြန်မာ-လာအိုနယ်စပ်ရှိ မဲခေါင်မြစ်ကြောင်းတစ်လျှောက်တွင် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဖြစ်နိုင်ခြေ စူးစမ်းလေ့လာမှုဆိုင်ရာ ပူးတွဲသဘောတူစာချုပ်ကို ဇူလိုင် ၄ ရက်တွင် လက်မှတ်ရေးထိုးကြသည်။ ပူးတွဲသဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Crowne Plaza Hotel ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Dr. Manothong Vongsay က စီမံကိန်းသည် မြန်မာ-လာအို ချစ်ကြည်ရေး၏ အရေးပါသော ပြယုဂ်တစ်ခုဖြစ်ပြီး မြန်မာ-လာအို လျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မူဘောင်အတွင်းမှ နှစ်နိုင်ငံအစိုးရများ၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်သော စီမံကိန်းဖြစ်ကြောင်း၊ နှစ်နိုင်ငံနယ်စပ်ဒေသသာမက မဟာမဲခေါင်မြစ်ဝှမ်းဒေသတစ်ခုလုံးအတွက် အကျိုးကျေးဇူးများရရှိနိုင်မည့် စီမံကိန်းဖြစ်ကြောင်း၊ စီမံကိန်း၏ ဖြစ်နိုင်ခြေစူးစမ်းလေ့လာမှုများနှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အကျိုးသက်ရောက်မှု ဆန်းစစ်မှုများ အမြန်ဆုံးပြီးမြောက်စေရန်နှင့် စီမံကိန်းလျင်မြန်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် လာအိုအစိုးရဘက်က အကောင်းဆုံးပံ့ပိုးလမ်းညွှန် ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ပူးတွဲသဘောတူစာချုပ်သည် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံနယ်စပ်တွင်ရှိသော မဲခေါင်မြစ်ပေါ်တွင် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကို မြန်မာနိုင်ငံဘက်မှ တာဝန်ပေးအပ်သော ကုမ္ပဏီနှင့် လာအိုနိုင်ငံဘက်မှ တာဝန်ပေးအပ်သော ကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းဖြစ်သောကြောင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အတွက် အထူးအရေးပါသော စီမံကိန်းဖြစ်ပါကြောင်း၊ စီမံကိန်းပြီးစီးပါက ဒေသတွင်းလိုအပ်နေသော လျှပ်စစ်ဓာတ်အားကို တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည့်အပြင် အာဆီယံဒေသတွင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ ရည်မှန်းချက်ပြည့်မီရေး အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ မဲခေါင်မြစ်သည် နှစ်နိုင်ငံနယ်စပ်မြစ်ဖြစ်သောကြောင့် စီမံကိန်းဆောင်ရွက်ရာတွင် မြန်မာ၊ လာအိုနှစ်နိုင်ငံ၏ ဒေသထုံးတမ်းအစဉ်အလာများ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး မြန်မာအစိုးရအနေဖြင့်လည်း စီမံကိန်းအောင်မြင်စေရန် အတတ်နိုင်ဆုံး ကြိုးကြပ်လမ်းညွှန်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

နှစ်နိုင်ငံ ဒုတိယဝန်ကြီးများ ရှေ့မှောက်တွင် မြန်မာ-လာအို နယ်စပ်မဲခေါင်မြစ်ရေအားလျှပ်စစ်စီမံကိန်း ဖြစ်နိုင်ခြေစူးစမ်းလေ့လာမှုဆိုင်ရာ ပူးတွဲသဘောတူစာချုပ်ကို မြန်မာနိုင်ငံဘက်မှ တာဝန်ပေးအပ်သော Primus Sapphire Power Co., Ltd. နှင့် လာအိုနိုင်ငံဘက်မှ တာဝန်ပေးအပ်သော Phongsupthavy Group Sole Co., Ltd. တို့က လက်မှတ်ရေးထိုးလဲလှယ်ကြသည်။ မြန်မာ-လာအို လျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်သည့် ရေအားလျှပ်စစ်စီမံကိန်းသည် ခန့်မှန်းတပ်ဆင်အင်အား ၂၇၉၀ မဂ္ဂါဝပ်အထိ ထွက်ရှိနိုင်သော စီမံကိန်းဖြစ်ပြီး ဖြစ်နိုင်ခြေ စူးစမ်းလေ့လာမှုလုပ်ငန်းများကို ၃၄ လအတွင်း ပြီးစီးစေရန် မြန်မာကုမ္ပဏီနှင့် လာအိုကုမ္ပဏီတို့က ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၄)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းအတွက် စာမူများဖိတ်ခေါ်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ (၃၄)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းကို ထုတ်ဝေသွားမည်ဖြစ်ပါ၍ မဂ္ဂဇင်းတွင် မြို့တော်စည်ပင်၏ အများပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် အခြားသုတ၊ ရသရရှိစေမည့် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်၊ ဟာသပြဇာတ်၊ အားကစားကဏ္ဍ၊ ဘာသာရေး၊ ကျန်းမာရေး၊ ခံစားမှုစာစု၊ လူငယ်ကဏ္ဍ စသည်ဖြင့် ကဏ္ဍစုံ ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါသောကြောင့် စာမူများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးနေ့စဉ်သတင်းစာတိုက်၊ ၇၁လမ်းနှင့် ၃၅လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်နှင့် mdydailynewspaper@gmail.com သို့ (၁၄-၈-၂၀၂၆)ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ စာမူများကို ပေးပို့ရာတွင် အမည်၊ မှတ်ပုံတင်အမှတ်၊ ကလောင်အမည် ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ နေရပ်လိပ်စာအပြည့်အစုံတို့ကို ထည့်သွင်းဖော်ပြပေးသွားပါရန်နှင့် ကလောင်ခွဲများဖြင့် ရေးသားပေးပို့ခြင်း မပြုကြပါရန် အသိပေးအပ်ပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျော်ဘွယ်မြို့နယ်၌ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ပျော်ဘွယ် ဇူလိုင် ၅**

ရန်ကုန်-မန္တလေးကားလမ်းမနှင့် ပျော်ဘွယ်မြို့နယ်အတွင်းရှိ ကြို့ကုန်း-လယ်တော်-မင်းရွာ-သီးကုန်းကျေးရွာတို့အား ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ)ဦးကျော်ဇေယျာဝင်းက ကျောက်ချောလမ်းခင်းရာတွင် အရည်အသွေးပြည့်မီစေရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးတို့ကို ဆွေးနွေးပြီး ရမည်းသင်းခရိုင်နှင့်မြို့နယ် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ကျောက်ချောလမ်းမှာ 0.436 km x 4.88 X 150 mm ဖြစ်ပြီး ပြည်ထောင်စုငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၆၀ ဒသမ ၉၁ သန်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကာ လမ်းခင်းခြင်းလုပ်ငန်းပြီးစီးပါက ကျေးရွာပေါင်းခြောက်ရွာမှ ပြည်သူသုံးထောင်ကျော်သည် အဆင်ပြေလွယ်ကူချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(မင်းမင်းထွေး)**

## စပါးစိုက်ပျိုးနိုင်ရေး လယ်မြေပြုပြင်ပေးခြင်းလုပ်ငန်းစတင်

**ကသာ ဇူလိုင် ၅**

ကသာမြို့မြေပေါ်ရှိ တောင်သူဦးကြီးများ မိုးရာသီကာလ စပါးစိုက်ပျိုးနိုင်ရေး လယ်မြေပြုပြင်ခြင်း ပျိုးထောင်ခြင်းလုပ်ငန်းများကို ဇွန်လကုန်ပိုင်းမှာ ထွန်ယက်ခြင်း လုပ်ငန်းကိုစတင်ပြုလုပ်လျက်ရှိသည်။

ယခင်နှစ်မိုးစပါးရာသီမှာ စက်သုံးဆီဈေးကြီးမြင့်မှု၊ လယ်ထွန်စက်မောင်းခ၊ ကောက်စိုက်ခ၊ အလုပ်သမားငှားခ၊ ဓာတ်မြေသြဇာ၊ စိုက်ပျိုးရေးဆေးဈေးနှုန်းတွေမြင့်တက်လာသလို မိုးရွာသွန်းမှုကြောင့် စိုက်ခင်းရေမြုပ်ပျက်စီးသည့်အတွက် မျိုးစပါးကို နှစ်ကြိမ်ကြဲရခြင်း၊ စပါးရိတ်ခြွေစက်ခနှုန်းထားမြင့်ခြင်းကြောင့် စပါးစိုက်ပျိုးမှုကုန်ကျစရိတ်မှာ တစ်ဧကကို ငွေကျပ် ၆ သိန်းကျော် ကုန်ကျမှုရှိသည်။

ယခင်နှစ်က ရိတ်သိမ်းထားသောစပါးများ စပါးကျီထဲကို မထည့်ရဘဲ နေရပ်ရှောင်ပြေးရသူလည်းရှိကြောင်း၊ ယခုနှစ် ကသာမြို့မြေပေါ် နေထိုင်သူအများစုတော့ လယ်လုပ်ငန်းစတင်နေတာတွေ့ရပြီး မြို့နယ်များတော့ ဧရာဝတီမြစ်ရေ အတက်အကျရှိနေခြင်း ကျေးရွာအချို့စပါးစိုက်ပျိုးနိုင်ရန် လယ်လုပ်ငန်းစတင်လုပ်ကိုင်နိုင်ခြင်းမရှိသေးကြောင်း တောင်သူတစ်ဦးက သုံးသပ်ပြောကြားသည်။

ကသာမြို့နယ်တွင် ဒေသနှင့်ကိုက်ညီသော စပါးဖြစ်သည့် ချင်း(၃)၊ ဆင်းဧကရီ(၃)နှင့် မော်ဘီ(၂) စပါးများကို ဧရာဝတီမြစ်ရေကျဆင်းပြီးမှ စိုက်ပျိုးရတာဖြစ်လို့ ဆန်အပျော့စားသုံးသူများတဲ့အတွက် ရောင်းတန်းဝင်နိုင်သောစပါးကို စိုက်ပျိုးကြလျက်ရှိကြောင်း သိရသည်။

(၄၅၇)

၀-၀-၀-၀-၀

၀-၀-၀

## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် (MUFL) တွင် Japanese Language Proficiency Test (JLPT) စာမေးပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၅**

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်(Mandalay University of Foreign Languages – MUFL)တွင် ဂျပန်ဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံဂျပန်ပြန် ပညာသင်ဟောင်းအသင်း Myanmar Association of Japan Alumni (MAJA) တို့ပူးပေါင်း၍ ဂျပန်ဘာသာအရည်အချင်းစစ် (Japanese Language Proficiency Test- JLPT) စာမေးပွဲကို အဆိုပါ တက္ကသိုလ်တွင် ယနေ့နံနက် ၉ နာရီမှ စတင်ကျင်းပခဲ့သည်။



ယင်းစာမေးပွဲတွင် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်စာစစ်ဌာနတွင် N-1 နှင့် N-2 Level မှ စာဖြေသူဦးရေ စုစုပေါင်း ၁၁၀၀ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်းနှင့် အဆိုပါ JLPT စာမေးပွဲသည် ကမ္ဘာနှင့်တစ်ဝန်းတစ်ပြိုင်နက်တည်း ကျင်းပသော စာမေးပွဲဖြစ်သည်။

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်သည် မြန်မာနိုင်ငံရှိ နိုင်ငံခြားဘာသာတက္ကသိုလ်နှစ်ခုအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ အချိန်ပြည့်ဘွဲ့သင်တန်းများကို သင်ကြားပေးလျက်ရှိသည့်အပြင် ဒီပလိုမာသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အင်္ဂလိပ်၊ တရုတ်၊ ဂျပန်၊ ပြင်သစ်၊ ကိုရီးယား၊ ဂျာမန်၊ ရုရှား၊ ထိုင်းဘာသာရပ်များ၊ စီးပွားရေးလုပ်ငန်းသုံး အင်္ဂလိပ်ဘာသာစကားများ (English for Business Purposes- EBP) အပြင် နိုင်ငံတကာ ကျောင်းသားများအတွက် မြန်မာဘာသာရပ်ကိုလည်း သင်ကြားပေးနေကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၀၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၂၀၃၅၈၃၈
၃၅လမ်းနှင့် ၇၁လမ်းထောင့်





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ လွှန်ပရာဘန်မြို့ တော်ဝင်နန်းတော်ပြတိုက်တွင် ကြည့်ရှုလေ့လာစဉ်။

☆ ရှေ့ဖုံးမှ

သမ္မတရုံးဝန်ကြီး မစ္စစ် ဖွန်းစမွတ် အန်လာဝန်ဦးဆောင်သည့် လာအို အစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌ လိုက်လံနှုတ်ဆက်ခဲ့ပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် လွှန်ပရာဘန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ လွှန်ပရာဘန်ပြည်နယ် ပါတီအတွင်းရေးမှူး H.E. Mr. Bounleuam MANIVONG နှင့် ဇနီးနှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထိုသို့ ကြိုဆိုနှုတ်ဆက်စဉ် ကော်ဇောနီ၏ ဘေးတစ်ဖက်တစ်ချက်တွင် လာအိုကင်းထောက်လူငယ် မောင်မယ်လေးများက နှစ်နိုင်ငံအလံများ ဝှေ့ယမ်းပြီး လိုက်လံနှုတ်ဆက်စွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တော်ဝင်နန်းတော်ပြတိုက်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် တော်ဝင်နန်းတော်ပြတိုက်အတွင်းရှိ လာအိုရှေးဟောင်း "ဖဘန်" ဘုရားကို ဖူးမြော်ကြည်ညို၍ ဆီမီးနှင့် ပန်းများ ကပ်လှူပူဇော်ကာ ရွှေကြာသကာန်းနှင့် အများပြည်သူ ဖူးမြော်နိုင်ရန်အတွက် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူနှင့် မာရဝိဇယဘုရားကြီးတည်ဆောက်ခဲ့မှု သမိုင်းမှတ်တမ်းစာအုပ်ကို လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ ဆက်လက်၍ ဘုရားကျောင်းဆောင် အတွင်း လှည့်လည်ကြည့်ရှုဖူးမြော်ကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

အဆိုပါ "ဖဘန်" ဘုရားသည် နန်းတော်ပြတိုက်၏ ဝင်ပေါက်ညာဘက်တွင်ရှိပြီး ၁ ရာစုက သီရိလင်္ကာနိုင်ငံတွင် သွန်းလောင်းခဲ့ကာ ၁၃၅၉ ခုနှစ်တွင် ခမာဘုရင်က ၎င်း၏သမက် လာအိုဘုရင် Fa Ngum အား လက်ဆောင်အဖြစ် ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ဘုရားကျောင်းတော်ကို ၁၉၆၃ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ပြည်တွင်းစစ်ကြောင့် ၁၉၇၀ ပြည့်နှစ်တွင် ဆောက်လုပ်ရေးလုပ်ငန်းများ ပြန်လည်စတင်ခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် တရားဝင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် တော်ဝင်နန်းတော်ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ရှေးလာအိုဘုရင်များ အသုံးပြုခဲ့သော အသုံးအဆောင်ပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် တော်ဝင်နန်းတော်ပြတိုက် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ တော်ဝင်နန်းတော် ပြတိုက်ရှေ့၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ တော်ဝင်နန်းတော်ပြတိုက်သည် မဲခေါင်မြစ်ကမ်းပါးပေါ်တွင်တည်ရှိပြီး နိုင်ငံ၏အမြင့်မြတ်ဆုံးနေရာအဖြစ် ထိန်းသိမ်းထားရှိကြောင်း၊ ယခင်ကကျွန်းသစ်များဖြင့်သာ ဆောက်လုပ်ထားခဲ့ခြင်းဖြစ်ပြီး ပြန်လည်ပြုပြင်သည့်အခါတွင် ပြင်သစ် Beaux လက်ရာများနှင့် လာအိုဗိသုကာပုံစံတို့ကို ရောနှော၍ အုတ်ကိုအစားထိုးကာ တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ၁၉၇၅ ခုနှစ်တွင် လာအိုတို့ အာဏာရရှိလာခဲ့ချိန်တွင် ဘုရင်စနစ်အား ဖျက်သိမ်းခဲ့ပြီး တော်ဝင်မိသားစုတို့သည် အဆိုပါနန်းတော်မှ

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ လွှန်ပရာဘန်မြို့ တော်ဝင်နန်းတော်ပြတိုက်၌ အများပြည်သူ ဖူးမြော်နိုင်ရန်အတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူနှင့် မာရဝိဇယ ဘုရားကြီး တည်ဆောက်ခဲ့မှု သမိုင်းမှတ်တမ်းစာအုပ်ကို လှူဒါန်းစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား လွှန်ပရာဘန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လွှန်ပရာဘန်ပြည်နယ် ပါတီအတွင်းရေးမှူး H.E. Mr. Bounleuam MANIVONG နှင့် ဇနီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဝပ်စီယမ်သုန်ဘုရားကျောင်းအတွင်း ကြည့်ရှုလေ့လာစဉ်။

☆ စာမျက်နှာ ၃ မှ

ထွက်ခွာခဲ့ရကာ ယခုကဲ့သို့ အမျိုးသားပြတိုက်အဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၉၅ ခုနှစ်တွင် ယူနက်စကို(UNESCO) အဖွဲ့ကြီးက လွှန်ပရာဘန်မြို့တစ်ခုလုံးကို ကမ္ဘာ့အမွေအနှစ်မြို့အဖြစ် တရားဝင်သတ်မှတ်ခဲ့ရာတွင် ယခုဘုရင့်နန်းတော်ပြတိုက်သည် မြို့၏သမိုင်းဝင်အမွေအနှစ်ဇုဟိုချက်(Core Zone) အဖြစ် အဓိကဂုဏ်ပြု သတ်မှတ်ခံခဲ့ရခြင်းဖြစ်ကြောင်း၊ ပြင်သစ်ကိုလိုနီခေတ်ဗိသုကာလက်ရာနှင့် လာအိုရိုးရာအနုပညာတို့ ထူးခြားပြောင်မြောက်စွာ ပေါင်းစပ်တည်ဆောက်ထားမှုကြောင့် အဆိုပါဂုဏ်ထူးဆောင်ဆုကို ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဝပ်စီယမ်သုန်ဘုရားကျောင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ဝပ်စီယမ်သုန်ဘုရားသို့ သွားရောက်ဖူးမြော် ကြည်ညိုကြရာဦးစွာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဝပ်စီယမ်သုန်ဘုရားကျောင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ဆီမီး၊ ပန်းနှင့် ရွှေကြာသက်န်းကပ်လှူပူဇော်၍ ဝပ်စီယမ်သုန်ဘုရားကျောင်းအတွင်း အများပြည်သူ ဖူးမြော်နိုင်ရန်အတွက် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူနှင့် မာရဝိဇယဘုရားကြီးတည်ဆောက်ခဲ့မှု သမိုင်းမှတ်တမ်းစာအုပ်အား လှူဒါန်းသည်။

ထို့နောက်ဘုရားကျောင်းအတွင်းရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်များအား လိုက်လံဖူးမြော်ကြည်ညိုကြပြီး နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ဝပ်စီယမ်သုန်ဘုရားကို ၁၆ ရာစုနှစ်အတွင်း ဘုရင် Saya Setthathirath လက်ထက်တွင် တည်ဆောက်ခဲ့ပြီး ၁၅၆၀ ပြည့်နှစ်တွင် တည်ဆောက်မှုပြီးစီးခဲ့ကြောင်း၊ အဆိုပါဘုရားကျောင်းသည် လာအိုနိုင်ငံ၏ ရိုးရာလက်ရာများနှင့်ဗိသုကာလက်ရာများအနက် စိတ်ဝင်စားစရာ ကောင်းသည့် ဘုရားကျောင်းတစ်ခုလည်းဖြစ်ပြီး မှန်စီရွှေချ ဘဝသစ်ပင်ပန်းချီကားနှင့် သိမ်တော်အဆောက်အအုံ၏ ခေါင်မိုးဗိသုကာ လက်ရာများမှာထင်ရှားကြောင်း၊ လွှန်ပရာဘန်ပြည်နယ်သို့ ရောက်ရှိခဲ့ပါက ဝပ်စီယမ်သုန် ဘုရားကျောင်းသို့ သွားရောက်ဖူးမြော်ပါက ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ အောင်မြင်မှုများ ရရှိသည်ဟု ယုံကြည်သက်ဝင် ကြကြောင်း၊ ရွှေဖြင့် အနုစိတ်စီကာ ထားသည့် မျက်နှာစာ၊ မှန်စီရွှေချရွှေရောင်စုံပန်းချီကားများကြောင့် အာရှတိုက်တွင် အလှပဆုံး ဘုရားကျောင်းတစ်ကျောင်းအဖြစ် ကမ္ဘာလှည့်ခရီးသွားအများအပြား လာရောက်လည်ပတ်လေ့ရှိကြောင်း သိရသည်။

**သတင်းစဉ်**




၆-၇-၂၀၂၆ ရက်နေ့မှ ၁၂-၇-၂၀၂၆ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ။

❖ အားကောင်းသောမှ

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၄ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းနှင့် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်း-အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်သည်။

**မိုး/ဇလ**

# သားအိမ်ခေါင်းကင်ဆာ အကြိုအဆင့် စစ်ဆေးကုသပေးခြင်း ဆောင်ရွက်

**မန္တလေး ဇူလိုင် ၅**

၂၀၂၆ ခုနှစ်၊ ဇူလိုင် ၃ ရက်တွင် ကျရောက်သော မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး)နှင့် မြန်မာအမျိုးသမီးလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသော သားအိမ်ခေါင်းကင်ဆာကာကွယ်ခြင်းနှင့် ကုသခြင်းများအကြောင်း ဆွေးနွေးပွဲကို ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး)ရှိ သုံးထပ်ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ဇူလိုင် ၂ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။



ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမြင့်မိုရ်စိုးက အဖွင့်အမှာစကားပြောကြားခြင်း၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး) သားဖွားမီးယပ်ပညာဌာနမှ ပါမောက္ခ၊ ဌာနမှူး ပါမောက္ခ ဒေါက်တာသင်းသင်းမြတ်က သားအိမ်ခေါင်းကင်ဆာအကြိုအဆင့် စစ်ဆေးကုသမှုနှင့် ပတ်သက်သောအကြောင်းအရာများကို ရှင်းလင်းပြောကြားခြင်း၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး)မှ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းဝင်းခိုင်က ကျေးဇူးတင်စကား ပြောကြားခြင်းတို့ ဆောင်ရွက်ခဲ့ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ခဲ့ကြသည်။

သားအိမ်ခေါင်းကင်ဆာကာကွယ်ခြင်းနှင့် ကုသခြင်းများအကြောင်းဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများ၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး)မှ ဆေးရုံအုပ်ကြီးနှင့် ပါမောက္ခ၊ ဌာနမှူးများ၊ သူနာပြုဆရာမများနှင့် အများပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အောက်ဝဲပုံ)**

**ချမ်းမြေ့မောင်(မြို့နယ်/ပြန်ဆက်)**

၀-၀-၀-၀-၀

## ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈ (ကီလိုမီတာ)အတွင်း ယာဉ်များမောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝ ဖြတ်မမောင်းရ၊ မစီးရ။

**မန္တလေးတိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။**

☆ ညောင်ဦးမြို့မှ

နမူနာအကွက်ငယ် ၁၃ ကွက်အား စမ်းသပ်ခဲ့ရာ အရှေ့ဘက်နံရံတွင် ထင်ရှားသော နံရံပန်းချီတစ်ကွက်၊ တောင်ဘက်နှင့် မြောက်ဘက်တွင် ဆေးသားမှိန်သည့် နံရံပန်းချီ တစ်ကွက်စီဖြင့် စုစုပေါင်း သုံးကွက်တွင် နံရံပန်းချီဆေးသားလွှာများကို ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။

ပုဂံဒေသတွင် ရှေးဟောင်းအဆောက်အအုံပေါင်း ၃၈၃၇ ဆူရှိသည့်အနက် နံရံဆေးရေးပန်းချီရှိသည့် ရှေးဟောင်းအဆောက်အအုံအရေအတွက်မှာ ယခင်က ၄၁၆ ဆူရှိသည်ဟု မှတ်တမ်းတင်ခဲ့သော်လည်း ယခုအခါ ၁၃ ရာစုခေတ်လက်ရာ မဟာဗောဓိဘုရားတွင် နံရံပန်းချီရှိကြောင်း ထပ်မံဖော်ထုတ်တွေ့ရှိခဲ့သဖြင့် နံရံပန်းချီရှိဘုရားတစ်ဆူ ထပ်မံပေါ်ပေါက်လာသည့် အခြေအနေဖြစ်ပြီး မဟာဗောဓိဘုရားအား နိုင်ငံဖြတ်ကျော်ပူးတွဲအဆိုပြုကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းရန် စီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် ၎င်းဘုရားရှိ နံရံပန်းချီများ ပြန်လည်ဖော်ထုတ်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဒီပါလင်း**

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ လွှန်ပရာဘန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူးက လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၅

လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ လွှန်ပရာဘန်မြို့၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေး ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ ယနေ့ နံနက်ပိုင်းတွင် လွှန်ပရာဘန်ပြည်နယ် ပါတီအတွင်းရေးမှူး မစ္စတာ ဘွန်လူအမ် မနိဝုန်က ခေတ္တတည်းခိုရာ ဟိုတယ်၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့်အတူ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး လွှန်ပရာဘန်ပြည်နယ် အတွင်းရေးမှူးနှင့် ဇနီးနှင့် လွှန်ပရာဘန်ပြည်နယ် အစိုးရအဖွဲ့မှတာဝန်ရှိသူများတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား လွှန်ပရာဘန်ပြည်နယ် ပြည်သူများက ဝမ်းမြောက်လှိုက်လှဲစွာဖြင့် ကြိုဆိုမှုအခြေအနေများ၊ နိုင်ငံတော်သမ္မတနှင့် ဇနီးဦးဆောင်သည့် ချစ်ကြည်ရေး ခရီးစဉ်မှတစ်ဆင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုများ ယခုထက် ပိုမိုအဆင့်မြှင့်တင်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအဖြစ် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ လာအိုနိုင်ငံ လွှန်ပရာဘန်မြို့နှင့် မြန်မာနိုင်ငံ ပုဂံမြို့တို့သည် ညီအစ်မမြို့ (Sister City) များ ဖြစ်ကြပြီး လွှန်ပရာဘန်မြို့နှင့် မြန်မာနိုင်ငံ ရန်ကုန်မြို့၊ မန္တလေးမြို့၊ ပုဂံနှင့် ကျိုင်းတုံမြို့တို့အကြား ခရီးသွားကဏ္ဍနှင့် ကူးလူးဆက်ဆံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဆိုပါက နှစ်နိုင်ငံ ခရီးသွားကဏ္ဍအတွက် များစွာ အကျိုးဖြစ်စေမည့် အခြေအနေများနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် လာအိုရိုးရာဆုတောင်းပွဲ အခမ်းအနား (ဘာစီပွဲတော်) သို့တက်ရောက်ပြီး နိုင်ငံတော်သမ္မတနှင့် လွှန်ပရာဘန်ပြည်နယ် ပါတီအတွင်းရေးမှူးတို့က မင်္ဂလာဆီမီးများ ထွန်းညှိပူဇော်၍ လာအိုရိုးရာအစဉ်အလာဖြင့် ဆုမွန်ကောင်းများတောင်းကြကာ လွှန်ပရာဘန်ပြည်နယ် ပါတီအတွင်းရေးမှူးနှင့် ဇနီးနှင့် လွှန်ပရာဘန်ပြည်နယ် အစိုးရအဖွဲ့ဝင်များက နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ် အဖွဲ့ဝင်များ၏ လက်များ၌ ဘာစီရိုးရာ မင်္ဂလာကြိုးဖြူ (Sai Sin) ဖြင့် ချည်နှောင်၍ ဆုတောင်းပေးကြသည်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ လာအိုရိုးရာဆုတောင်းပွဲအခမ်းအနား (ဘာစီပွဲတော်) သို့ တက်ရောက်ပြီး မင်္ဂလာဆီမီးများ ထွန်းညှိပူဇော်စဉ်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင် အား လွှန်ပရာဘန်ပြည်နယ် ပါတီ အတွင်းရေးမှူး မစ္စတာ ဘွန်လူအမ် မနိဝုန်က ရင်းရင်း နှီးနှီး နှုတ်ဆက်စဉ်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် လွှန်ပရာဘန်ပြည်နယ် ပါတီအတွင်းရေးမှူးနှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။ ဂုဏ်ပြုနေ့လယ်စာ မသုံးဆောင်မီ လွှန်ပရာဘန်ပြည်နယ် ပါတီအတွင်းရေးမှူးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး နိုင်ငံတော်သမ္မတက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် လွှန်ပရာဘန်ပြည်နယ် ပါတီအတွင်းရေးမှူးနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုနေ့လယ်စာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း လွှန်ပရာဘန်ပြည်နယ် ယဉ်ကျေးမှုအဖွဲ့က လာအိုရိုးရာ တေးသီချင်းများနှင့် သီဆို၊ တီးမှုတ်၊ ကပြဖျော်ဖြေ တင်ဆက်ကြသည်။

ဂုဏ်ပြုနေ့လယ်စာ သုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် လွှန်ပရာဘန်ပြည်နယ် ပါတီအတွင်းရေးမှူးနှင့် ဇနီးနှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား လွှန်ပရာဘန်ပြည်နယ် ယဉ်ကျေးမှုအဖွဲ့က လာအိုရိုးရာ တေးသီချင်းများဖြင့် သီဆို၊ တီးမှုတ်၊ ကပြဖျော်ဖြေ တင်ဆက်ကြစဉ်။

## ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

တောင်တွင်းကြီး ဇူလိုင် ၅

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး၊ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ် (ကြွပ်ကြွပ်အိတ်)အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း(Campaign)နှင့် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ယမန်နေ့နံနက် ၈ နာရီက မြို့မဈေး၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မြို့မဈေး အကျိုးတော်ဆောင်အဖွဲ့များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ် ပြည်သူများအား အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေခဲ့ကာ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ် အသုံးပြုမှုလျှော့ချရေးအတွက် အသိပညာပေး(Campaign)ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ယာပုံ) နောင်နောင်(မိဿနိုးမြေ)



# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၅

လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေး ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် လွန်ပရာဘန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လာအိုနိုင်ငံ ဒုတိယ ဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီး (Minister in Attendance) မစ္စတာ ထောင်ဆာဗန် ဖုန်ဗီဟေး နှင့်ဇနီး ဦးဆောင်သည့် လာအို အစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ကို နှင့်ဇနီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ရာဇာထွန်း နှင့်ဇနီး၊ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုသို့ ပို့ဆောင်နှုတ်ဆက်စဉ် ကော်ဇောနီ၏ ဘေးတစ်ဖက်တစ်ချက်တွင် လာအိုကင်းထောက်လူငယ်မောင်မယ်လေးများက နှစ်နိုင်ငံအလံများ ဝှေ့ယမ်းကာ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့အား လှိုက်လှဲနွေးထွေးစွာ နှုတ်ဆက်ကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီး လိုက်ပါလာသည့် အထူးလေယာဉ်သည် နေပြည်တော် တပ်မတော်လေဆိပ်သို့ ရောက်ရှိရာ ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့် ဇနီး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံရုံးနှင့် စစ်သံရုံးတို့မှတာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား လွန်ပရာဘန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကင်းထောက်လူငယ် မောင်မယ်လေးများက နှစ်နိုင်ငံအလံများ ဝှေ့ယမ်း၍ လှိုက်လှဲနွေးထွေးစွာ နှုတ်ဆက်ကြစဉ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးခင်မောင်စိုး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

နိုင်ငံတော်သမ္မတသည် ခရီးစဉ်အတွင်း လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသမ္မတနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ လာအိုအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ လာအိုနိုင်ငံဝန်ကြီးချုပ်တို့နှင့် တွေ့ဆုံဆွေးနွေးခြင်းနှင့် လွန်ပရာဘန်ပြည်နယ် ပါတီအတွင်းရေးမှူးနှင့် တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်ခြင်း၊ လာအိုအသေးစား၊ အငယ်စား စက်မှုလုပ်ငန်းသို့ သွားရောက် လေ့လာခြင်းနှင့် လာအိုနိုင်ငံရှိ သမိုင်းဝင် ဘုရားပုထိုးစေတီကျောင်းများနှင့် အထင်ကရနေရာများသို့ သွားရောက် ဖူးမြော်ကြည်ညိုလေ့လာ ကြည့်ရှုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

# ကျောက်ဆည်မြို့နယ် သမန္တလင်းကျေးရွာ၌ စိုက်ပျိုးထားသော သံပရိစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် ဇူလိုင် ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်မှ တောင်သူများသည် လယ်မြေများ၌ ဆည်ရေသောက် စနစ်ဖြင့် ဆန်စပါးကို အဓိကထား စိုက်ပျိုးကြသော်လည်း ယာမြေများ၌ ယာသီးနှံများ၊ ဟင်းသီးဟင်းရွက်ပင်များ၊ သီးပင်စားပင်များ၊ ကျွဲစာ၊ နွားစာများ စိုက်ပျိုးကြပြီး သမန္တလင်းကျေးရွာမှ တောင်သူဦးကိုလေး စိုက်ပျိုးထားသော သံပရိစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

သံပရိပင်များ စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ နှစ်ရှည်ပင်ဖြစ်သည့်အတွက် နေရောင်ခြည်အပြည့်အဝရရှိပြီး အပင်များ ကိုင်းဖြာထွက်မှု ကောင်းစေရန်အတွက် တစ်ပင်နှင့် တစ်ပင် ငါးပေမှ ရှစ်ပေအကွာ အတန်းလိုက် စိုက်ပျိုးကြောင်း၊ စိုက်ပျိုးပြီးသည့်အခါ လိုအပ်ချိန်၌ အပင်၊ အရွက်အားဆေးဖျန်းခြင်း၊ အာမိုမြေဩဇာကျွေးခြင်း၊ ရေတင်ပေးခြင်း၊ ပေါင်းမြက်များနှင့် မလိုအပ်သည့် ကိုင်းများကို ရှင်းပေးခြင်းတို့ပြုလုပ်မှသာ အသီး၊ အပွင့်တွေ သီးပွင့်မည်ဖြစ်ကြောင်း ဦးကိုလေးက ပြောသည်။

သံပရိပင်သည် အစေ့ပျိုးပင် စိုက်ပျိုးခြင်း၊ ကိုင်းကူးပျိုးပင် စိုက်ပျိုးခြင်းဟူ၍ နှစ်မျိုးရှိပြီး အစေ့ပျိုးပင် စိုက်ပျိုးပါက အသီးသီးရန် သုံးနှစ်၊ လေးနှစ်ခန့်ကြာပြီး ကိုင်းကူးပျိုးပင် စိုက်ပျိုးပါက စိုက်ပျိုးပြီး ရှစ်လအကြာတွင် အပွင့်များ စတင်ပွင့်ပြီး တစ်နှစ်အကြာတွင် အသီးများ စတင်ခူးဆွတ်ရောင်းချရကြောင်း၊ ခူးဆွတ်ရောင်းချရာတွင် အလုံးသန့်ရှင်းမှုနှင့် အကြီး၊ အသေးအပေါ်မူတည်၍ ဈေးနှုန်းကွာဟမှုများရှိပြီး မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးနိုင်ခြင်း၊ နေ့စဉ်နီးပါးခူးဆွတ်ရောင်းချခြင်းများ ပြုလုပ်နိုင်သည့်အတွက် သံပရိစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၅)



# ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အကြီးအကဲဖြစ်သူ ဘာသာရေးခေါင်းဆောင်ဟောင်း အယာတိုလာ ဆေယဒ်အလီ ခါမေနီ၏ ဈာပနအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ





နေပြည်တော် ဇူလိုင် ၅

နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့် အဖွဲ့သည် အီရန်နိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အကြီးအကဲဖြစ်သူ ဘာသာရေးခေါင်းဆောင်ဟောင်း (Supreme Leader) အယာတိုလာ ဆေယဒ်အလီခါမေနီ၏ နိုင်ငံတော်ဈာပန အခမ်းအနားသို့ တက်ရောက်ရန် ဇူလိုင် ၁ ရက်မှ ၅ ရက်အထိ အီရန်နိုင်ငံသို့ သွားရောက်ခဲ့သည်။

ဇူလိုင် ၂ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တီဟီရန်မြို့ရှိ Imam Khomeini အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိရာ အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ပြည်ပဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ် Dr. Moosavi နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှနှင့် ပစိဖိတ်ဌာနမှ ဌာနအကြီးအကဲ Mr. Azimi တို့က ကြိုဆိုကြသည်။

ထို့နောက် လေဆိပ်ဧည့်ခန်းမ၌ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးရာ အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနညွှန်ကြားရေးမှူးချုပ်က အီရန်နိုင်ငံ၏ လတ်တလောအခြေအနေများကို ရှင်းလင်းပြောကြားပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုပိုမိုခိုင်မာအားကောင်းစေရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံ လက်တွေ့ကျပြီး ဘုံအကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍစုံတွင် ဆက်လက်၍ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဇူလိုင် ၃ ရက် ညနေပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် တီဟီရန်မြို့ရှိ Imam Khomeini Mosalla ဗလီ၌ ကျင်းပသည့် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အကြီးအကဲဖြစ်သူ ကွယ်လွန်သူ ဘာသာရေးခေါင်းဆောင်ဟောင်း အယာတိုလာ ဆေယဒ် အလီ ခါမေနီ၏ ဈာပနအခမ်းအနားသို့ တက်ရောက်စဉ် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ Mohammad Reza Aref၊ သမ္မတဦးစီးရုံးအကြီးအကဲနှင့် ပြည်ထဲရေးဝန်ကြီးတို့က ခရီးဦးကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် ကွယ်လွန်သူ ဘာသာရေးခေါင်းဆောင်ဟောင်း အယာတိုလာ ဆေယဒ် အလီ ခါမေနီ၏ရုပ်ကလာပ်ကို နိုင်ငံတော်ဂုဏ်ပြုတီးဝိုင်းနှင့် ဂါရဝပြုပြီး အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ သမ္မတ Dr. Masoud Pezeshkian နှင့်အတူ အီရန်လွှတ်တော်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးတို့အား တွေ့ဆုံနှုတ်ဆက်ကာ အီရန်ဘာသာရေးခေါင်းဆောင်ဟောင်း ကွယ်လွန်ခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကားပြောကြားခဲ့သည်။

အဆိုပါနိုင်ငံတော်ဈာပနအခမ်းအနားသို့ ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ ကျော်မှ သမ္မတ၊ ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌများ၊ နိုင်ငံခြားရေးဝန်ကြီးများ၊ နိုင်ငံတကာမှ အဆင့်မြင့် ကိုယ်စားလှယ်များနှင့် ဘာသာရေးအဖွဲ့ခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သိရသည်။

သတင်းစဉ်

# လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်နှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးက မီဒီယာများအား ရှင်းလင်းဖြေကြား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်းဆီဆုလစ်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) သွားရောက်ခဲ့သည်။ အဆိုပါခရီးစဉ်နှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးက မီဒီယာများအား ရှင်းလင်းဖြေကြားခဲ့သည်များကို ဖော်ပြအပ်ပါသည် -

**မေး။** နိုင်ငံတော်သမ္မတက လာအိုနိုင်ငံကို အာဆီယံနိုင်ငံတွေထဲမှာ ပထမဆုံးသွားရောက်ဖြစ်တဲ့ အကြောင်းရင်းကို ပြောပေးပါဦး။

**ဖြေ။** ကျွန်မတို့သမ္မတကြီးက အာဆီယံနိုင်ငံထဲမှာ လာအိုနိုင်ငံကို ပထမဆုံးခရီးစဉ်အဖြစ် သွားရောက်ခဲ့ပါတယ်။ ဒီလိုသွားရောက်တဲ့အကြောင်းရင်းက အာဆီယံနိုင်ငံတွေထဲမှာ လာအိုနိုင်ငံက နှစ်ပေါင်း (၇၀) ကျော် သံတမန်ဆက်ဆံရေးရှိခဲ့တဲ့ နိုင်ငံပါ။ နယ်နိမိတ်ချင်းလည်း ထိစပ်နေတယ်၊ အစဉ်အဆက် ရင်းနှီးစွာ ဆက်ဆံခဲ့တယ်။ ပြည်သူတွေချင်း ဆက်ဆံရေးဆိုရင် နှစ်ပေါင်း (၇၀) မကပါဘူး။ နှစ်ပေါင်းရာချီပြီး ပြည်သူအချင်းချင်း ဆက်ဆံခဲ့တဲ့နိုင်ငံပါ။ ပြီးတော့ မြန်မာနိုင်ငံကို အမြဲတမ်း Supporting ပေးခဲ့တယ်။ နယ်နိမိတ်တစ်လျှောက်မှာ နယ်စပ်ပြဿနာလုံးဝမရှိခဲ့တဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ နှစ်နိုင်ငံလုံးက အာဆီယံကို တစ်ရက်တည်း ဝင်ခဲ့ကြပါတယ်။ လာအိုနိုင်ငံက ၂၀၂၄ ခုနှစ်မှာ အာဆီယံ Chair အဖြစ် တာဝန်ယူစဉ်ကလည်း ကျွန်မတို့နိုင်ငံကို အပြည့်အဝထောက်ခံခဲ့ပါတယ်။ ကျွန်မတို့နိုင်ငံဘက်က အပြည့်အဝ ရပ်တည်ခဲ့ပါတယ်။ သံတမန်ဆက်ဆံရေးတစ်လျှောက်မှာလည်း တကယ်ကို မိတ်ဆွေအရင်းအခြာပမာ ဆက်ဆံခဲ့တဲ့ အိမ်နီးချင်းကောင်း နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒါကကျွန်မတို့ နှစ်နိုင်ငံရဲ့ နိုင်ငံရေး၊ သံတမန်ရေးပါ။



နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုး

နောက်တစ်ခုက လာအိုနိုင်ငံက အာဆီယံနိုင်ငံထဲမှာ landlocked country ပါ။ landlocked country ကနေပြီး land-linked country ဖြစ်လာတယ်။ လာအိုနိုင်ငံကနေ လျှပ်စစ်ဓာတ်အားတွေကို ဗီယက်နမ်၊ ထိုင်းနဲ့ ကမ္ဘောဒီးယားနိုင်ငံတွေကို ရောင်းချနိုင်ခဲ့တဲ့ အနေအထားကိုရောက်လာပါတယ်။ အဲဒီတော့ ကျွန်မတို့က ဒါတွေကို လေ့လာချင်တယ်။ လာအိုနိုင်ငံဟာဆိုရင် မဲခေါင်မြစ်ကြီး တစ်ခုပဲရှိတဲ့ နိုင်ငံပါ။ ကျွန်မတို့ နိုင်ငံမှာဆိုရင် မြစ်ကြီး (၄) စင်းရှိပါတယ်။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် လေ့လာဖို့၊ ဆွေးနွေးဖို့အတွက် လာအိုနိုင်ငံကို ပထမဆုံး အာဆီယံနိုင်ငံထဲက နိုင်ငံအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်ပါတယ်။

**မေး။** လာအိုနိုင်ငံ ခရီးစဉ်ကနေ ဘယ်လိုသဘော တူညီချက်တွေ ရရှိခဲ့ပါသလဲ။

**ဖြေ။** မြန်မာ-လာအို ခရီးစဉ်အတွင်းမှာ နှစ်နိုင်ငံ ဆက်ဆံရေးကို မဟာဗျူဟာမြောက် ဆက်ဆံရေးအဖြစ် မြှင့်တင်ဖို့သဘောတူညီခဲ့ပါတယ်။ ပြီးတော့ ရေအားလျှပ်စစ်နဲ့ပတ်သက်လို့ မြန်မာနဲ့ လာအိုနဲ့ ပူးပေါင်းပြီးတော့ မဲခေါင်မြစ်ဝှမ်းတစ်လျှောက်မှာ ရေအားလျှပ်စစ် ဘယ်လောက်ထုတ်နိုင်မလဲဆိုတဲ့ Feasibility Study လုပ်ဖို့အတွက် သဘောတူညီချက်ကိုလက်မှတ်ရေးထိုးခဲ့ပါတယ်။ ပြီးတော့အလုပ်သမားရေးရာနဲ့ပတ်သက်လို့ လက်မှတ်ရေးထိုးခဲ့ပါတယ်။ နှစ်နိုင်ငံမြို့တော် နေပြည်တော်နဲ့ ဗီယင်ကျန်းတို့ကို Sister City အဖြစ် ဆက်သွယ်ဆောင်ရွက်သွားဖို့ လက်မှတ်ရေးထိုးခဲ့ပါတယ်။ ကျန်ဆွေးနွေးခဲ့တဲ့ အချက်တွေလည်း ရှိပါတယ်။ ဒါကတော့ ကျိုင်းတုံနဲ့ လွှမ်းပရာဘန်မြို့ကို လေကြောင်းလိုင်း ပြေးဆွဲဖို့၊ နယ်စပ်ဒေသကုန်သွယ်မှုတွေ တိုးမြှင့်ဆောင်ရွက်ဖို့၊ မူးယစ်ဆေးဝါးနဲ့ အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေး လုပ်ငန်းတွေမှာ သတင်းအချက်အလက်တွေ ဖလှယ်ဖို့ ပူးပေါင်းဆောင်ရွက်ဖို့ ဒါတွေကို ဆွေးနွေးခဲ့ပါတယ်။

**မေး။** ဒီခရီးစဉ်မှာ အထင်ရှားဆုံး အောင်မြင်မှုက ဘာဖြစ်မလဲဆိုတာ သိပါရစေ။

**ဖြေ။** ဒီခရီးစဉ်မှာ အထင်ရှားဆုံး အောင်မြင်မှုကို ပြောရမယ်ဆိုရင် နှစ်နိုင်ငံ မိတ်ဖက်ဆက်ဆံရေးမှာ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး အဖြစ် တိုးမြှင့်ဖို့အတွက် အပြန်အလှန် ဆွေးနွေးနိုင်ခဲ့ပါတယ်။ ယုံကြည်မှု တည်ဆောက်နိုင်ခဲ့ပါတယ်။ ချစ်ကြည်ရင်းနှီးမှု မိတ်ဖက်ဆက်ဆံရေးကို တိုးမြှင့်နိုင်ခဲ့ပါတယ်။

**မေး။** မြန်မာ-လာအို ရေအားလျှပ်စစ်စီမံကိန်းအတွက် MoU ရေးထိုးခဲ့တယ်လို့ သိရပါတယ်။ အဲဒီကနေ ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိနိုင်ပါမလဲ။

**ဖြေ။** မြန်မာနဲ့ လာအို လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖို့ဆိုတာထက် ပထမဆုံးအနေနဲ့ မဲခေါင်မြစ်ဝှမ်းမှာ နှစ်နိုင်ငံပူးပေါင်းပြီးတော့ Feasibility Study လုပ်ဖို့အတွက် agreement ရယူခဲ့တာပါ။ ဒီ agreement ကနေ လျှပ်စစ်ဓာတ်အား ဘယ်လောက်ထုတ်နိုင်မလဲဆိုတာပါ။ သမ္မတကြီးက အမြဲတမ်းပြောတာရှိပါတယ်၊ စွမ်းအင်လုံခြုံမှုရှိတာက နိုင်ငံဖွံ့ဖြိုး တိုးတက်မှုအတွက် အခြေခံအကျဆုံးဖြစ်တယ်ဆိုတာကို အမြဲတမ်း လမ်းညွှန်မှုပေးခဲ့ပါတယ်။ အဲဒီတော့ ကျွန်မတို့နိုင်ငံမှာ လိုအပ်နေတဲ့ လျှပ်စစ်စွမ်းအင်ကို ဘယ်ကနေ ရရှိနိုင်မလဲဆိုတာ အမြန်ဆုံးနဲ့ ဈေးအသက်သာဆုံးနည်းလမ်းကနေ ရရှိဖို့အတွက် နည်းလမ်းတွေ ရှာဖွေတဲ့နေရာမှာ ဒါ one of the source ဖြစ်လာနိုင်ပါတယ်။ ဒီလုပ်ငန်းစဉ်သာ အောင်မြင်မယ်၊ လေ့လာချက်တွေကနေပြီးတော့မှ နှစ်နိုင်ငံပူးပေါင်းပြီး ရေစွမ်းအင်ကနေ လျှပ်စစ်ရင်းမြစ်တွေ ဖော်ထုတ်နိုင်မယ်ဆိုရင် နှစ်နိုင်ငံပြည်သူတွေအတွက် များစွာအကျိုးရှိမှာ ဖြစ်ပါတယ်။

သတင်းစဉ်

## မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု လျော့နည်းစေရေး အသိပညာပေးဟောပြော

ကံမ ဇူလိုင် ၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ လေထုညစ်ညမ်းမှု အန္တရာယ် ကင်းဝေးစေရန်နှင့် ကျန်းမာသန့်ရှင်းပြီး ဘေးကင်းလုံခြုံသော လူနေမှုပတ်ဝန်းကျင် ဖန်တီးပေးနိုင်ရန် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု လျော့နည်းစေရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက ပယ်ကျကျေးရွာနှင့် ကိုင်းဒေါင့်ကျေးရွာတို့၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းကိုနိုင်က ကျေးလက်နေပြည်သူများ သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်နှင့် ကောင်းမွန်သော လူနေမှုစနစ်များရရှိစေရန် ကျေးရွာများ၌ အမှိုက်ကန်များ ဆောင်ရွက်ထားရှိပြီး အမှိုက်များ စနစ်တကျ စွန့်ပစ်ရေးနှင့် စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ သရက်ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုလျော့နည်းစေရေးအကြောင်း သိကောင်းစရာများကို ဆွေးနွေးဟောပြောပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **နော်လူး**

# ညီအစ်ကို နှစ်နိုင်ငံအကြား ပိုမိုအားကောင်းလာသည့် ချစ်ကြည်ရင်းနှီးမှု အကျိုးရလဒ်များ

**မောင်ငြိမ်းအေး**

(ယမန်နေ့မှအဆက်)

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ဒုတိယနေ့ခရီးစဉ်တွင် လာအို အသေးစား၊ အငယ်စားစက်မှုလုပ်ငန်း Phonthong Handicrafts Cooperation and Cama Crafts နှင့် Patuxai(Victory Gate) သို့ သွားရောက် လေ့လာခဲ့ပြီး ဗီယင်ကျန်းမြို့ရှိ ထက်လွှမ်စေတီတော် အား သွားရောက်ဖူးမြော်ကြည်ညိုကာ လာအို-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာ သံရုံး၊ စစ်သံရုံးမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများကို တွေ့ဆုံခဲ့သည်။

မြန်မာ-လာအို ချစ်ကြည်ရေးခရီးစဉ်သည် သွေးချင်းနီးသည့် ညီအစ်ကိုများ တွေ့ဆုံရသကဲ့သို့ နွေးထွေးပျူငှာသောခံစားမှုများကို ဖြစ်စေခဲ့ပါသည်။ ထူးခြားမှုအနေဖြင့် လာအိုနိုင်ငံသည် တစ်ချိန်သော ကာလများက ကုန်းတွင်းပိတ်နိုင်ငံဖြစ်သည်နှင့် အညီ ဖွံ့ဖြိုးတိုးတက်မှုအားနည်းသော နိုင်ငံဖြစ်ပါ သည်။ မရှိအတူ ရှိအတူ အေးအတူ ပူအမျှ နေထိုင်ခဲ့ ကြသော ညီအစ်ကိုနိုင်ငံများဖြစ်၍ မြန်မာနိုင်ငံက လာအိုနိုင်ငံသို့ ဆန်၊ ဆီ၊ ဆားစသည့်ပစ္စည်းများ ကူညီထောက်ပံ့ပေးခဲ့ပါသည်။ ယနေ့ကာလတွင် ပြောင်းလဲသွားပြီး လာအိုနိုင်ငံသည် ဖွံ့ဖြိုးစနိုင်ငံ တစ်နိုင်ငံအဖြစ် ဦးတည်နေသည်ကို တွေ့ရပါသည်။ အဓိကမှာ စည်းလုံးညီညွတ်ခြင်းကြောင့်ဖြစ်ပြီး ကုန်းမြေချင်းဆက်၍ Land Bridge တည်ဆောက် နိုင်ခြင်းလည်းပါဝင်ပါသည်။ လာအိုနိုင်ငံတွင် တရုတ် နိုင်ငံ၏အကူအညီဖြင့် ရထားလမ်းများ ဖောက်လုပ် ထားရာ အရှေ့တောင်အာရှနိုင်ငံများနှင့်ချိတ်ထား သဖြင့် အရေးပါသည့် နိုင်ငံဖြစ်လာသည်။ လာအိုနိုင်ငံ ၏ စည်းလုံးညီညွတ်မှုနှင့် ကြိုးပမ်းအားထုတ်မှုတို့ကို အတုယူရမည်ဖြစ်ပြီး နိုင်ငံတော်သမ္မတကြီး ခရီးစဉ် မှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်မှုနှင့်ပူးပေါင်းဆောင်ရွက် မှုများကို ရှုမြင်ကြရမည်ဖြစ်သည်။

**ဖူးမြော်ကြည်ညို**

ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံသည့် ဇူလိုင်လ ၄ ရက်နေ့ နံနက်အချိန်အခါတွင် နိုင်ငံတော် သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စား လှယ်အဖွဲ့သည် ဗီယင်ကျန်းမြို့ရှိ ထက်လွှမ်စေတီ တော်သို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။ ယင်းနောက် လာအိုဗုဒ္ဓဘာသာအသင်းဗဟို၏ ဥက္ကဋ္ဌနှင့် လာအိုနိုင်ငံ သံဃရာဇာဆရာတော် Maha Ahjan Yai Mahaved Menenai ၊ လာအိုနိုင်ငံမှ သက်တော်(၁၀၆)နှစ်ရှိ သက်တော်ရှည်ဆရာတော် Most Ven. Noi Sangvalo တို့အား ဖူးမြော်ကြည်ညို ကြပြီး ပိဋကတ်သုံးပုံစာအုပ်များ၊ လှူဖွယ်ဝတ္ထုပစ္စည်း များ ဆက်ကပ်လှူဒါန်းခဲ့သည်။ ထက်လွှမ်စေတီ တော်သည် ရှေးဟောင်းသမိုင်းဝင်စေတီတော်ဖြစ် ပြီး ၁၃ ရာစုအစောပိုင်းတွင် King Jayavamon VI က ဦးဆောင်တည်ထားခဲ့ခြင်းဖြစ်သည်။



လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ ထက်လွှမ်စေတီတော်အား ဖူးမြော်တွေ့မြင်ရစဉ်။

အိန္ဒိယနိုင်ငံ ရာဇဂြိုဟ်ပြည်တွင် ပညာသင်ယူ ပြီး ပြန်လည်ရောက်ရှိလာသည့် သံဃာတော် ငါးပါး က ဗုဒ္ဓဘုရားရှင်၏ ညှပ်ရိုးတော်အောက်ပိုင်းကို ကိုးကွယ်ပူဇော်ရန် ပင့်ဆောင်လာခဲ့ပြီး ဌာပနာ သွတ်သွင်းတည်ထားခဲ့ခြင်းဖြစ်သည်။ မူလစေတီတော် မှာ လိုဏ်ဂူပုံစံဖြစ်သော်လည်း ခရစ်နှစ် ၁၅၆၀ ပြည့်နှစ်တွင် စိုင်ဆက် ထာထီလတ်ဘုရင်သည် လွှန်ပရာဘန်မြို့မှ ဗီယင်ကျန်းမြို့သို့ ပြောင်းရွှေ့ ပင့်ဆောင်လာခဲ့ပြီးနောက် ပထမစေတီတော်အား ငုံ၍ စေတီထပ်မံတည်ထားခဲ့ခြင်းဖြစ်သည်။ လာအို ဘာသာဖြင့် ထက်လွှမ်စေတီဟုခေါ်ဆိုပြီး အဓိပ္ပာယ် မှာ "ကြီးမားသောစေတီတော်" ဟူ၍ဖြစ်သည်။ လာအိုဘုရင်အဆက်ဆက်ကိုးကွယ်ခဲ့ကြပြီး သမိုင်း အစဉ်အလာကြီးမားသည့် စေတီတော်ဖြစ်သည်။ လာအိုနိုင်ငံ၏ နိုင်ငံတော်တံဆိပ်တွင် ထက်လွှမ် စေတီတော်၏ပုံတော်အား ထည့်သွင်းထားသည်ကို တွေ့နိုင်သည်။ ထက်လွှမ်ဘုရားပွဲတော်ကို နှစ်စဉ် လာအိုဘာသာဖြင့် ဖကျိုလ၊ လပြည့်နေ့ (မြန်မာ အခေါ် တန်ဆောင်မုန်းလပြည့်နေ့)တွင် ကျင်းပ ပြုလုပ်ပြီး တစ်နိုင်ငံလုံးမှ ဘုရားဖူးပြည်သူများနှင့် အလွန်စည်ကားသော ဘုရားပွဲတော်ဖြစ်သည်။

**ပိုးထည်များထုတ်လုပ်**

ထို့နောက် နိုင်ငံတော်သမ္မတဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် လာအို အသေးစား၊ အငယ်စားစက်မှုလုပ်ငန်း Phonthong Handicrafts Cooperation and Cama Crafts သို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များ ကို မေးမြန်းဆွေးနွေးကြသည်။ ဆက်လက်၍ ပိုးထည်များ ထုတ်လုပ်မှုနှင့် နိုင်ငံတကာပြိုင်ပွဲများ တွင် ဆုရရှိမှုမှတ်တမ်းများကို ကြည့်ရှုကြပြီး ပိုးများ မွေးမြူထားရှိမှုနှင့် ပိုးထည်များကို ရက်ကန်းစင်များ ဖြင့် ရက်လုပ်နေမှု လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှု လေ့လာကြကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှု များအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးသည်။

အဆိုပါ လာအိုအသေးစား၊ အငယ်စားစက်မှု လုပ်ငန်း Phontong Handicrafts Cooperation and Cama Crafts သည် လာအိုကျေးလက်နေပြည်သူ များ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို မြှင့်တင်၍ လာအိုရိုးရာလက်မှုပညာများကို ပြန်လည် ဖော်ထုတ်ထိန်းသိမ်းမှုအတွက် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးရန်ဖြစ်သည့်အပြင် လက်မှု ပညာဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့် ဈေးကွက်အခွင့်အလမ်းများ ရှာဖွေပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါလုပ်ငန်းများ ၏ မျှော်မှန်းချက်မှာ ရေရှည်တည်တံ့သော အသက် မွေးဝမ်းကျောင်းအခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် ၎င်းတို့နှင့်ဆက်စပ်သည့် လူမှုအသိုင်းအဝိုင်းများ တွင် ပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအရ သင့်လျော် ကိုက်ညီသော လုပ်ထုံးလုပ်နည်းများကို မြှင့်တင်ပေး ရန်ဖြစ်သည်။ Phontong Handicraft Cooperative (PHC) ကို ၁၉၇၆ ခုနှစ်တွင် ဗီယင်ကျန်းမြို့ရှိ ဖွန်ထုံ ကျေးရွာတွင် နေထိုင်သော အမျိုးသမီး ၁၀ ဦးက ၎င်းတို့ထုတ်လုပ်သည့် လက်မှုပစ္စည်းများကို စုပေါင်းရောင်းချရန် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

**ရေအားလျှပ်စစ်စီမံကိန်း**

နိုင်ငံတော်သမ္မတကြီး၏ ခရီးစဉ်အတွင်း ဇူလိုင်လ ၄ ရက်နေ့က မြန်မာ-လာအို လျှပ်စစ်ကဏ္ဍ ပူးပေါင်း ဆောင်ရွက်မှုနားလည်မှုစာချွန်လွှာ လက်မှတ် ရေးထိုးခဲ့သည်။ မြန်မာ-လာအိုနယ်စပ်ရှိ မဲခေါင်မြစ် ကြောင်းတစ်လျှောက် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဖြစ်နိုင်ခြေ စူးစမ်းလေ့လာမှုဆိုင်ရာ ပူးတွဲသဘောတူညီမှု အတွက် စာချုပ် ချုပ်ဆိုခြင်းဖြစ်သည်။ နှစ်နိုင်ငံ နယ်စပ်ဒေသသာမက မဟာမဲခေါင်မြစ်ဝှမ်းဒေသ တစ်ခုလုံးအတွက် အကျိုးကျေးဇူးများရရှိမည့် စီမံကိန်းဖြစ်သည်။ လာအိုနိုင်ငံဘက်မှ တာဝန်ပေး မည့်ကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်မည့်စီမံကိန်း ဖြစ်သည်။ အဆိုပါစီမံကိန်းသည် ခန့်မှန်းတပ်ဆင်



ဇူလိုင် ၄ ရက်က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ လာအို- မြန်မာချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ မစ္စတာ ဆေနမတ် မွန်ထရီ ချန်ထာဝုန်က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

အင်အား မဂ္ဂါဝပ် ၂၇၉၀ အထိ ထွက်ရှိနိုင်သောစီမံ ကိန်းဖြစ်သည်။ မဲခေါင်မြစ်သည် နှစ်နိုင်ငံနယ်စပ်မြစ် ဖြစ်သောကြောင့် နှစ်နိုင်ငံထုံးတမ်းစဉ်လာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ဆောင်ရွက်ရမည်ဖြစ်ပြီး မြန်မာနိုင်ငံက ကြီးကြပ်လမ်းညွှန်ပေးမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ လာအို-မြန်မာချစ်ကြည်ရေး အသင်းဥက္ကဋ္ဌ မစ္စတာ ဆေနမတ် မွန်ထရီ ချန်ထာဝုန် က လာရောက်ဂါရဝပြုတွေ့ဆုံသည်။ ထိုသို့တွေ့ဆုံ ရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ကောင်းမွန်လျက်ရှိ သည့်အခြေအနေများ၊ မဟာဗျူဟာမြောက်မိတ်ဖက် ဆက်ဆံရေးကို မြှင့်တင်ဆောင်ရွက်သွားမည့်အခြေ အနေများ၊ နှစ်နိုင်ငံဆက်ဆံရေးအတွက် ချစ်ကြည်ရေး အသင်း၏ အခန်းကဏ္ဍသည် အဓိကကျပြီး ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်နိုင်ရန်အတွက် နိုင်ငံတော် အစိုးရနှစ်ရပ်မှ ဆောင်ရွက်လျက်ရှိသကဲ့သို့ လာအို-မြန်မာ ချစ်ကြည်ရေးအသင်းအနေဖြင့်လည်း တစ်ဖက် တစ်လမ်းမှ ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်လျက်ရှိ သည့်အခြေအနေများ၊ မြန်မာ-လာအို ချစ်ကြည်ရေး တံတားမှတစ်ဆင့်

စာမျက်နှာ ၉ သို့ ✪

**အာဆီယံနိုင်ငံများတွင် လာအိုနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုကို လက်ခံယုံကြည်သဖြင့် နိုင်ငံတော် သမ္မတကြီးအား လာအိုနိုင်ငံသို့ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ် ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ အဖွဲ့အတွင်း သဘောတူညီချက်များကို မိတ်ဝတ်မပျက် လိုက်နာအကောင်အထည်ဖော်လျက်ရှိသည်။ လာအိုနိုင်ငံအနေဖြင့် အိမ်နီးချင်း ညီအစ်ကိုနိုင်ငံဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံအပေါ် ညီအစ်ကိုမောင်နှမစိတ်ဓာတ်ဖြင့် အာဆီယံနိုင်ငံများအတွင်း ပထမဆုံး ရဲဝံ့ ပြတ်သားစွာ ယုံကြည်မှုအပြည့်ဖြင့် အားပေးထောက်ခံမှုများကို အသိအမှတ်ပြုရမည်ဖြစ်သည်။ လာအိုနိုင်ငံ၏ စည်းလုံးညီညွတ်မှုကြောင့် နိုင်ငံဖွံ့ဖြိုးရေး၌ တိုးတက်အောင်မြင်မှုများရရှိခဲ့သလို မြန်မာနိုင်ငံအနေဖြင့်လည်း အခြေခံကောင်းများ၊ လုပ်ဆောင်နိုင်မှုစွမ်းပကား များလည်းရှိနေပြီဖြစ်၍ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်**

စာမျက်နှာ ၈ မှ

အပြန်အလှန် ကုန်စည်ကူးသန်းရောင်းဝယ်မှုများ ဆောင်ရွက်ပြီး နယ်စပ်ဒေသနေပြည်သူများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ချစ်ကြည်ရေးအသင်းမှ ဆောင်ရွက်နိုင်မှု အခြေအနေများ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုလုပ်ငန်းစဉ်များတွင် လူငယ်များအခန်းကဏ္ဍမြှင့်တင်ဆောင်ရွက်သွားရန်လိုအပ်မှုအခြေအနေများ၊ ဘာသာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး စသည့် အခန်းကဏ္ဍများကိုအခြေခံ၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

**လာအိုနိုင်ငံအထင်ကရ**

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဗီယင်ကျန်းမြို့ရှိ Patuxai (Victory Gate) သို့ သွားရောက်လေ့လာကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြပြီး နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် Patuxai (Victory Gate) ရှေ့၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြသည်။ အဆိုပါဗီယင်ကျန်းမြို့တွင် တည်ရှိသော Patuxai (Victory Gate) သည် လာအိုနိုင်ငံ၏ အထင်ကရအထိမ်းအမှတ် အဆောက်အအုံတစ်ခု ဖြစ်သည်။ အဆိုပါ Patuxai (Victory Gate)ကို ၁၉၅၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၆၈ ခုနှစ်တွင် ပြီးစီးခဲ့သည်။ Patuxai (Victory Gate)သည် လာအိုနိုင်ငံ၏ လွတ်လပ်ရေးနှင့် နိုင်ငံအတွက် အသက်ပေးခဲ့သော စစ်သည်များကို ဂုဏ်ပြုတည်ဆောက်ထားခြင်းဖြစ်သည်။ အဆောက်အအုံ ဒီဇိုင်းမှာ ပြင်သစ်နိုင်ငံ၏ Arc de Triomphe မှ ယူထားသော်လည်း လာအိုဆိုင်ရာဗုဒ္ဓဘာသာနှင့် ဟိန္ဒူ အနုပညာလက်ရာများဖြင့် အလှဆင်ထားခြင်း ဖြစ်သည်။ Patuxai (Victory Gate)အတွင်းနံရံများနှင့် မျက်နှာကြက်များတွင် နတ်သမီး၊ ကင်းနရီနှင့် ပန်းနွယ်အလှဆင် ပန်းပုလက်ရာများကို မြင်တွေ့နိုင်ပြီး အပေါ်ဆုံးရှုခင်းကြည့်စင်မှ Vientiane မြို့၏ မြင်ကွင်းကျယ်ကို ကြည့်ရှုနိုင်သဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ အများဆုံးလာရောက်လည်ပတ်သည့်နေရာတစ်ခုဖြစ်သည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗီယင်ကျန်းမြို့ရှိ Patuxai (Victory Gate)တွင် ဇူလိုင် ၄ ရက်က ကြည့်ရှုလေ့လာစဉ်။

ထို့နောက် လာအိုဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင် သင်တန်းသားများကို နိုင်ငံတော်သမ္မတက တွေ့ဆုံအမှာစကားပြောကြားသည်။ နိုင်ငံတော်သမ္မတက "မိမိအနေဖြင့် လာအိုနိုင်ငံသို့ ယခုလာရောက်ခဲ့သည့် နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်သည် မိမိအနေဖြင့် သမ္မတအဖြစ် တာဝန်ထမ်းဆောင်ပြီးနောက်ပိုင်း အာဆီယံနိုင်ငံများထဲတွင် ပထမဆုံးအကြိမ် လာရောက်သည့်နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် ယုံကြည်စိတ်ချရသည့် အိမ်နီးချင်းကောင်းနိုင်ငံ၊ မိတ်ဆွေကောင်းနိုင်ငံများ ဖြစ်ကြကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် အစဉ်အလာရှိသည့် ဆက်ဆံရေးကောင်းမွန်မှုကို အမြဲထိန်းသိမ်းနိုင်ကြမည့် နိုင်ငံများဖြစ်ကြကြောင်း၊ ယခုအခါ လာအိုနိုင်ငံသည် ယခင်ကထက် များစွာ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာသည်ကိုတွေ့ရကြောင်း၊ နိုင်ငံရေးတည်ငြိမ်မှုရှိပြီး စီးပွားရေးတိုးတက်အောင်လည်း ဆောင်ရွက်လာနိုင်သည်ကို တွေ့ရကြောင်း" ပြောကြားခဲ့သည်။

**အားသွန်ခွန်စိုက်ကြိုးပမ်း**

မြန်မာနိုင်ငံအနေဖြင့် ယခုအခါ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ်တွင် အထွေထွေရွေးကောက်ပွဲ၌ မဲမသမာမှုများဖြစ်ပေါ်ခဲ့မှုကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထမ်းဆောင်ခဲ့ရသည်။ သို့သော် တပ်မတော်အနေဖြင့် ပြည်သူများ လိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ဆက်လက်လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည်။ ယခင်ဒီမိုကရေစီအစိုးရ သက်တမ်းနှစ်ခုတွင်လည်း အကောင်းဆုံးပူးပေါင်းဆောင်ရွက်ခဲ့သည်။ ယခုအခါ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ ပြည်သူများက ရွေးချယ်သည့် ရွေးကောက်ခံကိုယ်စားလှယ်များဖြင့် လွှတ်တော်ကျင်းပ၍ ရွေးချယ်ခံအစိုးရအဖွဲ့က နိုင်ငံ့တာဝန်ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ သို့သော် အချို့နိုင်ငံများက ၎င်းတို့၏အကျိုးစီးပွားကိုရှေးရှု၍ ပြည်သူများက ရွေးချယ်ထားသည့်အစိုးရကို လက်မခံမှုများ ရှိသည်။ မည်သို့ပင်ဖြစ်စေ အစိုးရသစ်အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အားသွန်ခွန်စိုက်ကြိုးပမ်းနေပြီး နိုင်ငံများနှင့်ဆက်ဆံရေးကို အထူးကောင်းမွန်အောင်ဆောင်ရွက်လျက်ရှိသည်။

အာဆီယံနိုင်ငံများတွင် လာအိုနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုကို လက်ခံယုံကြည်သဖြင့် နိုင်ငံတော်သမ္မတကြီးအား လာအိုနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း သဘောတူညီချက်များကို မိတ်ဝတ်မပျက် လိုက်နာအကောင်အထည်ဖော်လျက်ရှိသည်။ လာအိုနိုင်ငံအနေဖြင့် အိမ်နီးချင်းညီအစ်ကိုနိုင်ငံဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံအပေါ် ညီအစ်ကိုမောင်နှမစိတ်ဓာတ်ဖြင့် အာဆီယံနိုင်ငံများအတွင်း ပထမဆုံးရဲဝံ့ပြတ်သားစွာ ယုံကြည်မှုအပြည့်ဖြင့် အားပေးထောက်ခံမှုများကို အသိအမှတ်ပြုရမည်ဖြစ်သည်။ လာအိုနိုင်ငံ၏ စည်းလုံးညီညွတ်မှုကြောင့် နိုင်ငံဖွံ့ဖြိုးရေး၌ တိုးတက်အောင်မြင်မှုများ ရရှိခဲ့သလို မြန်မာနိုင်ငံအနေဖြင့်လည်း အခြေခံကောင်းများ၊ လုပ်ဆောင်နိုင်မှုစွမ်းပကားများလည်း ရှိနေပြီဖြစ်၍ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ပါ၍ လာအို-မြန်မာနှစ်နိုင်ငံသည် အိမ်နီးချင်း မိတ်ကောင်းဆွေကောင်းနိုင်ငံများ၊ အာဆီယံတွင် တစ်သားတည်းရှိသော နိုင်ငံများဖြစ်ကြသည့်အပြင် ရှေးအစဉ်အဆက်ကတည်းက သွေးရင်းသားရင်းများဖြစ်ကြပြီး မရှိအတူရှိအတူ အေးအတူပူအမျှ အတူတကွနေထိုင်လာခဲ့သော ညီရင်းအစ်ကိုနိုင်ငံများဖြစ်ကြ၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီးဦးဆောင်သည့်မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်သည် ပိုမိုအားကောင်းခိုင်မာသည့် နှစ်နိုင်ငံအကျိုးရလဒ်များကို ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လာအိုရိုးရာ သဘာဝဆပ်ပြာထုတ်လုပ်နေမှုကို ဇူလိုင် ၄ ရက်က ကြည့်ရှုလေ့လာစဉ်။

## မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံလျာထားဧက ရာနှုန်းပြည့် စိုက်ပျိုးပြီးစီး

**ပွင့်ဖြူ ဇူလိုင် ၅**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံစိုက်ပျိုးခြင်းကို လျာထားဧက ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပွင့်ဖြူမြို့နယ်တွင် ကြံ ရှစ်ဧက စိုက်ပျိုးရန် လျာထားပြီး ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် သတ်မှတ်စိုက်ဧက ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ကြံရှစ်ဧက လျာထားစိုက်ပျိုးခဲ့ရာ လက်ရှိမှာ သတ်မှတ်စိုက်ဧကကို ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ကြံစိုက်ပျိုးရေးကိုတော့ တောင်သူတွေက မိုးရာသီမှာ နှစ်စဉ် စိုက်ပျိုးကြပါတယ်။ ကြံစိုက်ပျိုးတဲ့ တောင်သူတွေကိုလည်း အထွက်နှုန်းနဲ့ အရည်အသွေးကောင်းဖို့အတွက် စိုက်နည်းစနစ်နဲ့ သွင်းအားစုတွေ စနစ်တကျသုံးစွဲနိုင်အောင် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကြံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းတိုးတက်စေရေးအတွက် စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ သွင်းအားစုများ စနစ်တကျ သုံးစွဲတတ်စေရေး၊ ပိုးမွှားရောဂါကင်းရှင်းရေးစသည့် အသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(၄၄၅)

## ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT)ဖွင့်လှစ်

**မြို့သစ် ဇူလိုင် ၅**

ဥပဒေရေးရာဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ ကြီးမှူး၍ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT)ဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့သစ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဝင်းထက်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးမင်းသူက ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် မိမိတို့အုပ်ချုပ်သည့် ရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများကို ဥပဒေအသိပညာ ပြန့်ပွားစေခြင်းဖြင့် "လူတိုင်းဥပဒေအသိပညာရရှိရမည်" ဆိုသည့် အညွှန်းကိန်းကို ဖော်ဆောင်ရန် ရည်ရွယ်၍ ယခုလို ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းဖွင့်လှစ်ရခြင်း ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် သင်တန်းသို့ တက်ရောက်လာသည့် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ဥပဒေ၊ နည်းဥပဒေများကို ဇွန် ၃၀ ရက်မှ ဇူလိုင် ၁ ရက်အထိ နှစ်ရက်တာ သင်တန်းဖွင့်လှစ် ပို့ချပေးခဲ့ကြောင်း သိရသည်။

**ဝင်းအိစွန်(ပြန်/ဆက်)**

# ၂၀၂၅-၂၀၂၆ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝိပွဲတွဲဘာသာရပ်ဖြင့် မန္တလေးတိုင်းဒေသကြီး၌ အဆင့်(၄)ရရှိခဲ့သည့် မောင်ဥက္ကာပြည့်စုံနှင့် တွေ့ဆုံမေးမြန်းခြင်း

၂၀၂၅-၂၀၂၆ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ရလဒ်များကို မကြာသေးမီက ထုတ်ပြန်ကြေညာခဲ့ရာ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်ရှိ 'မြင့်မြတ်ပညာ' ကိုယ်ပိုင်အထက်တန်းကျောင်းမှ မောင်ဥက္ကာပြည့်စုံ (ခုံအမှတ်-မနအ ၁၆၈၈) သည် စုစုပေါင်းရမှတ် ၅၀၉ မှတ်ဖြင့် ဝိပွဲတွဲဘာသာရပ်တွင် မန္တလေးတိုင်းဒေသကြီးအဆင့် စတုတ္ထဆု (အဆင့် ၄ နေရာ) ကို ထူးချွန်စွာ ဆွတ်ခူးရရှိခဲ့ပါသည်။

နိုင်ငံတော်က အားထားရမည့် နည်းပညာမျိုးဆက်သစ်လူငယ်တစ်ဦးဖြစ်လာမည့် ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ဥက္ကာပြည့်စုံနှင့် ၎င်း၏ ခြေလှမ်းတိုင်းကို ပံ့ပိုးကူညီပေးခဲ့သည့် ဖခင်ဖြစ်သူ ဦးပြည့်စုံအောင်တို့အား သွားရောက်တွေ့ဆုံ၍ ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှု၊ စာပေလေ့လာမှု လျှို့ဝှက်ချက်များနှင့် အနာဂတ်နည်းပညာကဏ္ဍတွင် ထူးချွန်ထက်မြက်သည့် Programmer တစ်ဦးဖြစ်လာစေရန် ဟူသော ရည်မှန်းချက် ပန်းတိုင်တို့အား မန္တလေးနေ့စဉ်သတင်းစာဖတ်ပရိသတ်များအတွက် ပိုမိုပြည့်စုံစွာ တွေ့ဆုံမေးမြန်း တင်ပြလိုက်ရပါသည်။




**မောင်ဥက္ကာပြည့်စုံနှင့် တွေ့ဆုံမေးမြန်းမှု**

**မေး။** ။ ဝိပွဲတွဲဘာသာရပ်နဲ့ မန္တလေးတိုင်းဒေသကြီး အဆင့် ၄ နေရာကို ထူးထူးချွန်ချွန် ရရှိခဲ့တဲ့အတွက် ပထမဆုံး စိတ်ခံစားချက်လေးကို သိပါရစေ။

**ဖြေ။** ။ ကျွန်တော်က ပထမတော့ လေးဘာသာလောက်ပဲ ရမယ်လို့ မှန်းထားတာပါ။ အခုလို တကယ့်တကယ် ရလဒ်ထွက်လာတဲ့အခါမှာ ခြောက်ဘာသာလုံး ဂုဏ်ထူးရရှိပြီးတော့ မန္တလေးတိုင်းဒေသကြီး အဆင့် ၄ အထိ ရရှိခဲ့တဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။ ကိုယ်တိုင် ထင်မှတ်မထားတဲ့ ရလဒ်ကောင်းတွေ ထွက်ပေါ်လာတော့ ပိုပြီးတော့လည်း ဝမ်းသာပီတိဖြစ်ရပါတယ်ဗျာ။

**မေး။** ။ အခုလို ထူးချွန်တဲ့ ရလဒ်ထွက်ပေါ်လာအောင် စာမေးပွဲအတွက် စာတွေကို ဘယ်လိုမျိုး စနစ်တကျ ကျက်မှတ်လေ့လာခဲ့လဲ။

**ဖြေ။** ။ ကျွန်တော်က ယနေ့လုပ်စရာရှိတဲ့စာကို မနက်ဖြန်အတွက် ချန်မထားဘူး ဆိုတဲ့အတိုင်း တစ်နေ့စာ တစ်နေ့ မှန်မှန်ကျက်မှတ်ပါတယ်။ ဆရာတွေ ပေးတဲ့စာတွေကိုလည်း ပြီးစလွယ်မလုပ်ဘဲ စိတ်ထဲစွဲနေအောင် အကြိမ်ကြိမ် ပြန်လည်ကျက်မှတ်လေ့လာပါတယ်။ အထူးသဖြင့် စာမေးပွဲဖြေဆိုဖို့ သုံးလလောက်အလိုကတည်းက ဘာသာရပ်အားလုံးရဲ့ စာတွေကို သေချာလေးအာရုံစိုက်ပြီး စနစ်တကျ ကျက်မှတ်လေ့လာခဲ့ပါတယ်။ အဓိကကတော့ အဲ့ဒီလို ပုံမှန်ဇွဲရှိရှိနဲ့ လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။

**မေး။** ။ တစ်ရက်ကို စာကျက်ချိန်နဲ့ စာလေ့လာချိန်တွေကို ဘယ်လိုမျိုး အချိန်ဇယား သတ်မှတ်ပြီး လုပ်ဆောင်ခဲ့လဲ။

**ဖြေ။** ။ ပုံမှန်နေ့ရက်တွေမှာ ကျောင်းကပြန်လာရင် ဂိုက်တန်း (Guide class) တက်ရပါတယ်၊ အဲ့ဒီမှာ ဆရာတွေနဲ့ သုံးနာရီလောက် သေသေချာချာ စာလုပ်ပါတယ်။ အဲ့ဒါပြီးလို့ အိမ်ပြန်ရောက်လာတဲ့အခါမှာတော့ ခဏနားပြီး နှစ်နာရီစာလောက်ကို အချိန်ထပ်ပေးပါတယ်။ အဲဒီအချိန်မှာတော့ တစ်နေ့တာအတွင်း ကျောင်းနဲ့ ဂိုက်တန်းမှာ ကျက်မှတ်လေ့လာထားခဲ့တဲ့ သင်ခန်းစာတွေကို မမေ့သွားအောင် ပြန်လည်လေ့ကျင့်တာ၊ မေးခွန်းဟောင်းတွေ ပြန်တွက်တာမျိုးတွေကို နေ့စဉ်လုပ်ဆောင်ခဲ့ပါတယ်။

**မေး။** ။ စာကျက်တဲ့ သက်တမ်းတစ်လျှောက်မှာ ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲတွေရှိရင် အဲ့ဒါတွေကို ဘယ်လိုနည်းလမ်းတွေနဲ့ ကျော်ဖြတ်ခဲ့လဲဆိုတာ ညီငယ်၊ ညီမငယ်တွေအတွက် ဝေမျှပေးပါဦး။

**ဖြေ။** ။ စာလုပ်တဲ့အခါ အဓိက ကြုံရတဲ့အခက်အခဲက ကျက်ပြီးသားစာတွေ ပြန်မေ့တတ်တာပေါ့။ အဲဒီအတွက် စိတ်မပျက်ဘဲ ခဏခဏ ပြန်လည်ပြီး ဖတ်တာတွေကို အထပ်ထပ်ပြုလုပ်ပါတယ်။ သင်္ချာဘာသာရပ်တွေဆိုရင်လည်း ဝါသနာပါရုံတင်မကဘဲ ထပ်ခါထပ်ခါ ပြန်လည်တွက်ချက်တာမျိုး လုပ်ပါတယ်။ နောက်အခက်အခဲတစ်ခုကတော့ ဓမ္မဓိဋ္ဌာန် (Objective) မေးခွန်းလေးတွေ ဖြစ်ပါတယ်။ ကျွန်တော်က စာကျက်အားနည်းတဲ့အထဲမှာ ပါတာကြောင့် အစပိုင်းမှာ အတော်လေး အခက်အခဲ ဖြစ်ခဲ့ရတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ လက်မလျှော့ဘဲ သေချာလေး ပြန်လည်ကျက်မှတ် လေ့လာခဲ့တဲ့အတွက် အဆင်ပြေသွားခဲ့ပါတယ်။ ဆရာ၊ ဆရာမတွေရဲ့ လမ်းညွှန်ချက်တွေကို သေချာရယူပြီး အချိန်ဇယား ရေးဆွဲတယ်။ Note (မှတ်စု) လေးတွေကိုလည်း သေချာထုတ်ပြီး စနစ်တကျ ကျက်မှတ်လေ့လာခဲ့တာကြောင့်လည်း အခုလို အခက်အခဲတွေကို ကျော်ဖြတ်ပြီး အဆင်ပြေသွားတာ ဖြစ်ပါတယ်။

**မေး။** ။ တက္ကသိုလ်ဝင်စာမေးပွဲဆိုတာ ကျောင်းသားတိုင်းအတွက် စိန်ခေါ်မှုကြီးတစ်ခုမို့ ပြင်ဆင်တဲ့ ကာလအတွင်းမှာ စိတ်ဖိစီးမှုတွေ ကြုံလာရင်ရော ဘယ်လိုကျော်ဖြတ်ခဲ့လဲ။

**ဖြေ။** ။ စိတ်ဖိစီးမှုကတော့ ရှိတာပေါ့ဗျာ။ အဲ့ဒီလိုအချိန်မျိုးဆိုရင် သူငယ်ချင်းတွေနဲ့ စကားပြောတာ၊ ဒါမှမဟုတ် အချိန်ခဏ ဖြန်းလိုက်တာမျိုး၊ စိတ်အပန်းဖြေတာမျိုး လုပ်လိုက်ရင် သက်သာသွားပါတယ်။ စိတ်ဖိစီးမှုတွေ လျော့နည်းသွားတော့မှ စာပြန်လုပ်တဲ့အခါ ပိုပြီးတော့ အားရှိလာပါတယ်။ ပြီးတော့ ကျွန်တော့်ရဲ့ ကျောင်းက ဆရာ၊ ဆရာမတွေကလည်း စာနဲ့ပတ်သက်တဲ့ အခက်အခဲတင်မကဘူး၊ စိတ်ပိုင်းဆိုင်ရာ အခက်အခဲရှိရင်ပါ သေချာဆွေးနွေးအကြံပေးကြပါတယ်။ အိမ်ကလည်း ဖေဖေနဲ့ မေမေတို့က နောက်ကနေ အများကြီး ကူညီပေးခဲ့ပါတယ်။ စာလေ့လာရာမှာ လိုအပ်တာတွေ ကူညီပေးခဲ့သလို အခြားလိုအပ်ချက်မှန်သမျှကိုလည်း လိုလေသေးမရှိ အကုန်ဖြည့်ဆည်းပေးခဲ့ပါတယ်။ အမှန်အတိုင်းပြောရရင် မိဘနဲ့ဆရာတွေရဲ့ အားပေးကူညီမှုကြောင့်သာ ကျွန်တော် ဒီလိုအောင်မြင်မှုမျိုး ရလာတာပါ၊ ကျွန်တော်တစ်ယောက်တည်း အားနဲ့ဆိုရင်တော့ ကျွန်တော် ဘယ်လိုမှ မလုပ်နိုင်လောက်ပါဘူး။

**မေး။** ။ နောက်နောင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမယ့် ညီငယ်၊ ညီမငယ်တွေ အမှတ်ကောင်းကောင်း ရရှိဖို့အတွက် ဘာတွေကို လုပ်ဆောင်သင့်လဲဆိုတာ အကြံပြုပေးပါဦး။

**ဖြေ။** ။ အဓိကကတော့ ဆရာ၊ ဆရာမတွေရဲ့ စကားကို မြေဝယ်မကျ နားထောင်ဖို့ လိုပါတယ်။ ကျွန်တော်တို့က စာမေးပွဲစနစ်သစ်ကို ပထမဆုံး ဖြေဆိုရတဲ့ကျောင်းသားတွေ ဖြစ်တဲ့အတွက် တချို့အရာတွေကို နားမလည်ကြတာ သဘာဝပါ။ ဒါပေမဲ့ ဆရာ၊ ဆရာမတွေကျတော့ သူတို့အတွေ့အကြုံတွေ အများကြီး ဖြတ်သန်းခဲ့ပြီးဖြစ်တဲ့အတွက် ကျောင်းသားတွေအတွက် လိုအပ်တာမှန်သမျှ အကုန်လုံးကို သူတို့ ကြိုသိကြပါတယ်။ အဲ့ဒါကြောင့် ဆရာ့စကားကို နားထောင်ပါ။ နောက်ပြီး ကိုယ်အားနည်းတဲ့ ဘာသာရပ်ရှိရင်လည်း တွန့်ဆုတ်ကြောက်ရွံ့မနေဘဲနဲ့ အဲ့ဒီဘာသာရပ်ကို ပိုပြီးတော့ ကြိုးစားလုပ်စေချင်ပါတယ်။ အဲ့ဒါမှ အားနည်းတဲ့ ဘာသာရပ် ဖြစ်နေပေမယ့် ရလဒ်ကောင်းတွေ ထွက်ပေါ်လာနိုင်မှာ ဖြစ်ပါတယ်။

**မေး။** ။ ညီလေးရဲ့ အနာဂတ်ရည်မှန်းချက်ပန်းတိုင်နဲ့ ပတ်သက်ပြီးတော့လည်း အသေးစိတ်လေး သိပါရစေ။

**ဖြေ။** ။ ကျွန်တော့်ရဲ့ အဓိက အနာဂတ်ရည်မှန်းချက်ကတော့ နည်းပညာလောကမှာ ထူးချွန်ထက်မြက်တဲ့ "Programmer" (ကွန်ပျူတာပရိုဂရမ်မာ)တစ်ယောက် ဖြစ်ချင်တာပါ။ ဒါကြောင့်လည်း ဆယ်တန်းတက်ကတည်းက သာမန်သိပ္ပံတွဲဘာသာရပ်ကို မယူဘဲ ကွန်ပျူတာနဲ့ နည်းပညာပိုင်းအတွက် ပိုပြီးအထောက်အကူပြုမယ့် ဝိပွဲတွဲဘာသာရပ်ကို အပတ်တကုတ် ရွေးချယ်သင်ယူခဲ့တာ ဖြစ်ပါတယ်။ ရှေ့ဆက်ရင်လည်း ကျွန်တော့်ရဲ့ အိပ်မက်ဖြစ်တဲ့ Programmer တစ်ဦး ဖြစ်လာဖို့အတွက် နည်းပညာတက္ကသိုလ် (Technological University) တက်ရောက်နိုင်ဖို့ အစီအစဉ် ရှိပါတယ်။ အသေးစိတ်ကိုတော့ ထပ်ပြီး လေ့လာရဦးမှာ ဖြစ်ပါတယ်ဗျာ။

**မေး။** ။ အခုလို အောင်မြင်ချိန်မှာ ကျေးဇူးတင်စကား ပြောချင်တဲ့သူတွေရှိရင်လည်း ရင်ဖွင့်ပေးပါဦး။

**ဖြေ။** ။ ကျွန်တော်တက်ခဲ့တဲ့ မြင့်မြတ်ပညာ အထက်တန်းကျောင်းက ဆရာ၊ ဆရာမတွေကို အထူးပဲ ကျေးဇူးတင်ပါတယ်။ ဆရာတွေဟာ စာတွေကိုတင်မကဘဲ တခြားလူမှုဘဝထဲမှာ ကြုံတွေ့လာရမယ့် အခက်အခဲတွေကို ဘယ်လိုကြံ့ကြံ့ခံ ကျော်ဖြတ်ရမလဲဆိုတာကိုပါ သွန်သင်ဆုံးမပေးပါတယ်။ စာတွေကိုလည်း ငြီးငွေ့မသွားဘဲ စိတ်ဝင်စားလာအောင် ဆွဲဆောင်သင်ပေးတယ်။ ကျောင်းသားတစ်ယောက်က ဘယ်လောက်ပဲတော်တော်၊ 'ငါဒါကို မလုပ်ချင်ဘူး' ဆိုတဲ့ စိတ်မျိုးမရှိအောင်၊ စာလုပ်ချင်စိတ်ရှိလာအောင် သေချာပြုစုပျိုးထောင် ပေးခဲ့ပါတယ်။ အဲ့ဒါကြောင့် ဆရာ၊ ဆရာမအားလုံးကို ကျေးဇူးတင်ပါတယ်။ နောက်ပြီး ကျွန်တော့်ကို စိတ်ချမ်းသာကိုယ်ဆင်းရဲမရှိ၊ လိုလေသေးမရှိ နောက်ကနေ ဝန်းရံထောက်ပံ့ပေးခဲ့တဲ့ ဖေဖေနဲ့ မေမေတို့ကိုလည်း အတိုင်းမသိ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**မိဘတစ်ဦး၏ ရင်ဖွင့်စကားသံ**

ဝိပွဲတွဲဘာသာရပ်ဖြင့် မန္တလေးတိုင်းဒေသကြီး စတုတ္ထဆုရရှိခဲ့သည့် မောင်ဥက္ကာပြည့်စုံ၏ ဖခင်ဖြစ်သူ ဦးပြည့်စုံအောင်ကလည်း သားဖြစ်သူ၏ အနာဂတ်ရည်မှန်းချက်နှင့် ပတ်သက်၍ ယခုလို ပီတိဖြစ်စွာ ရင်ဖွင့်စကားဆိုခဲ့ပါသည်။

'မိဘသဘာဝအရတော့ သားဖြစ်သူကို သူများတွေလို ဆရာဝန်ကြီး ဖြစ်စေချင်တာပေါ့ဗျာ။ ဒါပေမဲ့ သားဖြစ်သူက အဲ့ဒီဘက်ကို ဝါသနာမပါဘူး၊ သူက နည်းပညာပိုင်းကိုပဲ ဝါသနာပါတယ်၊ Programmer ပဲ ဖြစ်ချင်တယ်လို့ ပြတ်ပြတ်သားသား ပြောလာတဲ့အတွက် သားဖြစ်ချင်တဲ့သူ့ရဲ့ ဆန္ဒကိုပဲ ဦးစားပေးပြီး လိုက်လျောပေးခဲ့ပါတယ်။ ဒါပေမဲ့ သားကို တစ်ခုတော့ မှာရတာပေါ့၊ မိဘက ခွင့်ပြုပေးခဲ့တဲ့အတွက် သူဖြစ်ချင်တဲ့ နည်းပညာပန်းတိုင်ရောက်သွားတဲ့အခါမှာတော့ ထိပ်ဆုံးက အောင်မြင်မှုရရှိအောင် ကြိုးစားရမယ်လို့ မှာကြားပြီး ခွင့်ပြုပေးခဲ့တာ ဖြစ်ပါတယ်'ဟု သားဖြစ်သူအပေါ် ယုံကြည်မှုအပြည့်ဖြင့် ပြောကြားခဲ့သည်။

ယခုကဲ့သို့ စနစ်သစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် နည်းပညာဝါသနာအိုး၊ ရည်မှန်းချက်ခိုင်မာသည့် မောင်ဥက္ကာပြည့်စုံကဲ့သို့သော လူငယ်မောင်မယ်များ၏ အားထုတ်မှုများကြောင့် အနာဂတ်မြန်မာ့နည်းပညာကဏ္ဍသည် ပိုမိုတောက်ပလာမည်မှာ အမှန်ပင်ဖြစ်ပါကြောင်း ရေးသားဂုဏ်ပြုလိုက်ရပါသည်။ **မျိုးသန့်(မန္တလေး)**

## မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**သရက် ဇူလိုင် ၅**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်ရှိ ရေဝတီတံတား (သရက်-အောင်လံ) ချဉ်းကပ်လမ်း၏ လမ်းဘေးဝဲယာ မိုင်တိုင် ၁/၅ နှင့် ၁/၆ ကြား မြခဲတောင်တောင်ခြေတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၄ ရက် နံနက် ၇ နာရီခွဲက ကျင်းပခဲ့သည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဌာနဆိုင်ရာများက စုပေါင်း သစ်ပင်စိုက်ပျိုးပေးကြသည်။

သစ်ပင်စိုက်ပျိုးရာတွင် ခရေအပင် ၂၀၊ ရေတမာ အပင် ၂၀၊ တမာ ၄၆ ပင်၊ ယင်းမာ အပင် ၂၀၊ မယ်ဇယ် အပင် ၂၀ စုစုပေါင်း ၁၂၆ ပင်အား စိုက်ပျိုးပေးခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**(ယာပုံ)**

**ဇော်ထက်(သရက်)**





# နိုင်ငံတကာ အားကစား သတင်းများ

## နည်းပြ ရော်နယ်ကိုးမန်းကို နည်းပြရာထူးမှ ထုတ်ပယ်ပေးရန် နယ်သာလန်အသင်းပရိသတ်များ တောင်းဆို



**လန်ဒန် ဇူလိုင် ၅**

နယ်သာလန်အသင်းပရိသတ်များသည် နည်းပြ ရော်နယ်ကိုးမန်းကို နည်းပြရာထူးမှ ထုတ်ပယ်ပေးရန် အသင်းထံ တောင်းဆိုခဲ့ကြသည်။ **(အပေါ်ပုံ)**

နယ်သာလန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂သင်းရှုံးထွက်အဆင့်မှ ထွက်ခွာခဲ့ရပြီးနောက် အသင်းပရိသတ်များက နည်းပြရော်နယ်ကိုးမန်းကို ရာထူးမှ ထုတ်ပယ်ပေးရန် လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြသည်။

နည်းပြ ရော်နယ်ကိုးမန်းသည် နယ်သာလန်အသင်းကို ၂၀၂၃ခုနှစ် ဇန်နဝါရီ ၁ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၄၅ ပွဲတွင် ၂၅ ပွဲနိုင်၊ ၁၁ ပွဲ သရေ၊ ကိုးပွဲ ရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ထို့ကြောင့် နယ်သာလန်အသင်းအနေဖြင့် အသင်းပရိသတ်များ တောင်းဆိုထားသည့်အတိုင်း နည်းပြ ရော်နယ်ကိုးမန်းကို နည်းပြရာထူးမှ ထုတ်ပယ်သွားမည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**



## ပြင်သစ်အသင်းက ပါရာဂွေးအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဇူလိုင် ၅**

၂၀၂၆ ကမ္ဘာ့ဖလား ၁၆သင်းရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်း ကမ္ဘာ့အဆင့် (၃)ရှိ ပြင်သစ်အသင်းနှင့် ကမ္ဘာ့အဆင့် (၄၁)ရှိ ပါရာဂွေးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြင်သစ်အသင်းက ပါရာဂွေးအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပြင်သစ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် မိနစ် ၇၀တွင် ဘာပေက သွင်းယူပေးခဲ့သည်။ **(အပေါ်ပုံ)**

ပြင်သစ်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် လာမည့်ဇူလိုင် ၁၀ရက်တွင် မော်ရိုကိုအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။ **(NGB)**

## ကိုဗာဆစ်ကို ခေါ်ယူရန် အက်စတွန်ဗီလာအသင်းနှင့် နော်တင်ဟမ်ဖောရက်စ်အသင်းတို့ အပြိုင်စိတ်ဝင်စား

**လန်ဒန် ဇူလိုင် ၅**

အက်စတွန်ဗီလာအသင်းနှင့် နော်တင်ဟမ်ဖောရက်စ်အသင်းတို့သည် မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ကိုဗာဆစ်ကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။ **(ယာပုံ)**




အသက်(၃၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၇ပွဲ ကစားကာ ၁၀ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်စတွန်ဗီလာအသင်းနှင့် နော်တင်ဟမ်ဖောရက်စ်အသင်းတို့က အပြိုင်ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

ကွင်းလယ်ကစားသမား ကိုဗာဆစ်ကိုယ်တိုင်ကလည်း လက်ရှိအချိန်တွင် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်နေသည်။

ထို့ကြောင့် အက်စတွန်ဗီလာအသင်းနှင့် နော်တင်ဟမ်ဖောရက်စ်အသင်းတို့အနေဖြင့် မည်သည့်အသင်းက မန်စီးတီးအသင်းမှ ကိုဗာဆစ်ကို ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။ **(NGB)**

## 2026 Cerity Partners Hall of Fame Open တင်းနစ်ပြိုင်ပွဲ ဇူလိုင် ၆ ရက်တွင် စတင်မည်

**ဝါရှင်တန် ဇူလိုင် ၅**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Cerity Partners Hall of Fame Open တင်းနစ်ပြိုင်ပွဲကို လာမည့် ဇူလိုင် ၆ ရက်တွင် စတင်သွားမည် ဖြစ်သည်။ **(အပေါ်ပုံ)**

အဆိုပါ 2026 Cerity Partners Hall of Fame Open တင်းနစ်ပြိုင်ပွဲကို ဇူလိုင် ၆ရက်မှ ၁၃ရက်အထိ ၈ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Cerity Partners Hall of Fame Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Cerity Partners Hall of Fame Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ အမေရိကန်တင်းနစ်မယ် Catherine Mc Nally ဖြစ်သည်။ **(NGB)**

## ဟယ်ရီကိန်း ဘိုင်ယန်မြူးနစ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုမည်

**လန်ဒန် ဇူလိုင် ၅**

ဘိုင်ယန်မြူးနစ်အသင်းသည် အသင်းတိုက်စစ်မှူး ဟယ်ရီကိန်းကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဘာစီလိုနာအသင်းက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားတော့မည်ဖြစ်သည်။



တိုက်စစ်မှူး ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၇ပွဲကစားပြီး ၁၄၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်း၏ ထုတ်ပြန်ချက်တွင် "ဟယ်ရီကိန်းကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားတော့မှာပါ။ သူဟာ အသင်းအတွက် အားထားရတဲ့ တိုက်စစ်မှူးကောင်းတစ်ဦးပါ" ဟု ထုတ်ပြန်သည်။ **(ဝဲပုံ) (NGB)**

## နေသန်အကီကို ဖီနာဘာချီအသင်း ခေါ်ယူ

**လန်ဒန် ဇူလိုင် ၅**

ဖီနာဘာချီအသင်းသည် မန်စီးတီးအသင်းနောက်ခံကစားသမား နေသန်အကီကို စတာလင်ပေါင် ၇သန်း+အပိုဆုကြေး ၅သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် မန်စီးတီးအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၇၇ပွဲကစားပြီး ၁၀ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖီနာဘာချီအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

အသက်(၃၁)နှစ်အရွယ်ရှိ နေသန်အကီက "ကျွန်တော် ဖီနာဘာချီအသင်းသို့ ရောက်ရှိခဲ့ပါပြီ။ နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းအောင်မြင်တိုးတက်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ" ဟု ပြောသည်။ **(NGB)**



## နျူအာ ဂျာမနီလက်ရွေးစင်ကစားသမားဘဝမှ အနားယူ

**မြူးနစ် ဇူလိုင် ၅**

ဂျာမနီလက်ရွေးစင်အသင်း ဂိုးသမား နျူအာသည် နိုင်ငံ့လက်ရွေးစင်ကစားသမားဘဝမှ အနားယူတော့မည်ဖြစ်ကြောင်း တရားဝင်ကြေညာခဲ့သည်။

အဆိုပါ ဂိုးသမားသည် ဂျာမနီအသင်းက ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်းအဆင့်မှ ထွက်ခွာခဲ့ရပြီးနောက် ယခုလို ကြေညာခဲ့ခြင်း ဖြစ်သည်။



ဂိုးသမား နျူအာသည် ဂျာမနီလက်ရွေးစင်အသင်းနှင့်အတူ ၂၀၀၉ မှ ၂၀၂၆ခုနှစ်အထိ ပြိုင်ပွဲပေါင်း ၁၂၉ပွဲကစားကာ လက်စွမ်းပြနိုင်ခဲ့သည်။

အသက်(၄၀)နှစ်အရွယ်ရှိ နျူအာက "ကျွန်တော် လက်ရွေးစင်ကစားသမားဘဝမှ အနားယူပါပြီ။ ကျွန်တော် လက်ရွေးစင်အသင်းမှာ ကစားခဲ့တဲ့အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ" ဟု ပြောသည်။ **(ဝဲပုံ) (NGB)**

## လီယာဝေါလ်တီကို ဘရိုက်တန်အမျိုးသမီးအသင်း ခေါ်ယူ

**လန်ဒန် ဇူလိုင် ၅**

ဘရိုက်တန်အမျိုးသမီးအသင်းသည် ဂျူဗင်တပ်အမျိုးသမီးအသင်း ကွင်းလယ်ကစားသမား လီယာဝေါလ်တီကို ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဂျူဗင်တပ်အမျိုးသမီးအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၉ပွဲကစားပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘရိုက်တန်အမျိုးသမီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။




ကွင်းလယ်ကစားသမား လီယာဝေါလ်တီသည် အသင်းကို များစွာ ပံ့ပိုးကူညီနိုင်လိမ့်မည်ဟု ဘရိုက်တန်အမျိုးသမီးအသင်းက ယုံကြည်လျက်ရှိသည်။

ဘရိုက်တန်အမျိုးသမီးအသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား လေးဦးအထိ ခေါ်ယူအားဖြည့်ထားသည်။ **(ဝဲပုံ)** **(NGB)**

## ၂၀၂၆ ကမ္ဘာ့ဖလား(၁၆)သင်းအဆင့် ပွဲစဉ်များ

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|
| ၇-၇-၂၀၂၆<br>နံနက် ၀၁:၃၀ နာရီ | ပေါ်တူဂီ - စပိန် | ပေါ်တူဂီ ၀-၁ စပိန်<br>(၂၀-၉-၂၀၂၂ UEFA နေရှင်းလိဂ်) |
| ၇-၇-၂၀၂၆<br>နံနက် ၀၆:၃၀ နာရီ | အမေရိကန် - ဘယ်လ်ဂျီယံ | အမေရိကန် ၂-၅ ဘယ်လ်ဂျီယံ<br>(၂၉-၃-၂၀၂၆ နိုင်ငံတကာခြေစမ်းပွဲ) |

# ဒေသန္တရစီမံကိန်းရေးဆွဲခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ



**မိတ္ထီလာ ဇူလိုင် ၅**

မိတ္ထီလာမြို့၌ ဒေသန္တရစီမံကိန်းရေးဆွဲခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အဆိုပါအစည်းအဝေးတွင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးသိန်းဌွေးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စီးပွားရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးစိုးစိုးထွန်းက ဆွေးနွေးပြောကြားပြီး မန္တလေးတိုင်းဒေသကြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ခိုင်က ဒေသန္တရစီမံကိန်းရေးဆွဲခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရမည်းသင်းခရိုင်၊ မိတ္ထီလာခရိုင်နှင့် ညောင်ဦးခရိုင်တို့မှ ခရိုင်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌများက သက်ဆိုင်ရာခရိုင်များအလိုက် ခရိုင်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ၏ လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

၎င်းနောက် တက်ရောက်လာကြသည့်တာဝန်ရှိသူများက ပါဝင်ဆွေးနွေးတင်ပြကြပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။ (၄၅၃)



# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဇူလိုင် ၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေဆင်းကျေးရွာအုပ်စု၊ သာယာစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေးခြင်းကို ဇူလိုင် ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံ၍ ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေဖြင့် ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၆၇သိန်းကို လွှဲပြောင်းပေးအပ်သည်။ (အပေါ်ပုံ)

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သာယာစုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၁၈၃သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၂၃၉ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၃၂ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁၃သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၂ဦးကို သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၆၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နော်လူး**

# မီးငြိမ်းသတ်ရေးနှင့် ကြိုတင်ကာကွယ်ရေးအခြေခံသင်တန်း (၁/၂၀၂၆) သင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာနတွင် မီးငြိမ်းသတ်ရေးနှင့် ကြိုတင်ကာကွယ်ရေး အခြေခံသင်တန်း(၁/၂၀၂၆) သင်တန်းဆင်းပွဲကို ယနေ့ ညနေ ၄ နာရီက စက်ရုံနှင့် မော်တော်ယာဉ်ဌာနတွင် ကျင်းပသည်။

အခမ်းအနားသို့ စက်ရုံနှင့် မော်တော်ယာဉ်ဌာန ဌာနမှူး ဦးကျော်ဇာနည်လွင်၊ ဌာနခွဲမှူး ဦးကိုကိုကြီး၊ ဌာနခွဲမှူး ဒေါ်ခင်သန္တာစိုးနှင့် တာဝန်ရှိသူများ၊ ချမ်းမြသာစည်မြို့နယ် လက်ထောက်မီးသတ်ဦးစီးမှူး ဦးသန်းတိုးအောင်၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့ အရာခံဗိုလ် ထွန်းအောင်ကျော်နှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာဌာနမှူးက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ဆုများအသီးသီး ပေးအပ်ချီးမြှင့်၍ သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးကို ပေးအပ်ချီးမြှင့်ကာ လက်ထောက်မီးသတ်ဦးစီးမှူးက သင်တန်းသားများနှင့် လက်တွေ့မီးငြိမ်းသတ်မှုနှင့် သရုပ်ပြဆောင်ရွက်ခဲ့ကြသည်။



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာနတွင် ကော်မတီပိုင် မီးသတ်တပ်ဖွဲ့ကို ၁၉၉၆ ခုနှစ်မှ စတင်တည်ထောင်ခဲ့ကာ မီးသတ်တပ်ဖွဲ့ဝင်(၃၀)ဦးဖြင့် ဖွဲ့စည်းထားခဲ့ပြီး စက်ရုံနှင့် မော်တော်ယာဉ်ဌာနရှိ ယာဉ်၊ စက်၊ ယန္တရားနှင့် စက်သုံးဆီများ၊ ရုံးအဆောက်အဦ၊ စာရွက်စာတမ်းများ မီးဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် မတော်တဆမှုများ ဖြစ်ပွားလာပါက အချိန်နှင့်တစ်ပြေးညီ စနစ်တကျစီမံခန့်ခွဲမီးငြိမ်းသတ်ရန်နှင့် မန္တလေးမြို့ပေါ် မီးလောင်မှုဖြစ်စဉ်တိုင်းတွင် ဇဟိုမီးသတ်နှင့် ပူးပေါင်းပါဝင်လုပ်ဆောင်ခဲ့ပြီး ယခုအခါ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ရေသယ်ယာဉ် အစီး ၂၀ ဖြင့် အသင့်ဆောင်ရွက်ထားရှိပြီး Level အလိုက် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကာ ဌာနတွင် နှစ်စဉ်မီးဘေးအန္တရာယ်ကာကွယ် တားဆီးရေးအတွက် သင်တန်းဖွင့်လှစ်၍ ဖာတ်တိုက်လေ့ကျင့်မှုများ၊ အသက်ကယ်ဆောင်ရွက်နိုင်ရန် ရှေးဦးသူနာပြု နည်းစနစ်များကို သင်ကြားလေ့ကျင့်ဆောင်ရွက်နိုင်ရေးတို့ကို ရည်ရွယ်၍ သင်တန်းများဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် သင်တန်းသား ၅၀ ဦး တက်ရောက်ခဲ့ပြီး ရက်သတ္တလေးပတ်ကြာ မီးငြိမ်းသတ်ရေး၊ ကြိုတင်ကာကွယ်တားဆီးရေး ဘာသာရပ်များကို စာတွေ့လက်တွေ့နှင့် အသက်ကယ်ရှေးဦးသူနာပြုဘာသာရပ်များကို သင်ကြားပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၃)

၀-၀-၀-၀-၀

# ကျောင်းကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းဆောင်ရွက်

**ကျောက်ဆည် ဇူလိုင် ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ယမန်နေ့က ကျောင်းကျန်းမာရေးလုပ်ငန်းများကို အ·မ·က-၇ မူလွန်၊ အ·မ·က-၈ မူလွန်၊ အ·မ·က-၆၊ အ·မ·က-၁၀ ကျောင်းများတွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကျောင်းကျန်းမာရေးဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် တစ်ကိုယ်ရေသန့်ရှင်းရေး၊ လက်ဆေးခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေး၊ သွားနှင့်ခံတွင်း ကျန်းမာရေးအတွက် နည်းစနစ်မှန်ကန်စွာ သွားတိုက်နည်း၊ ၄က်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေး ရောဂါကာကွယ်ရေးအတွက် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကူးစက်ရောဂါများအကြောင်းသိ ကောင်းစရာများကို အသိပညာပေးဟောပြောခဲ့သည်။



ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား အရပ်တိုင်းတာခြင်း၊ ကိုယ်အလေးချိန် တိုင်းတာခြင်း၊ အမြင်အာရုံကောင်းမွန်မှု ရှိ၊ မရှိ၊ သွားနှင့် ခံတွင်းကျန်းမာရေး စစ်ဆေးပေးခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး လိုအပ်သောဆေးဝါးများအား တိုက်ကျွေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

(၄၈၅)

# မြစ်သားမြို့နယ် ဘူတာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးဆောင်သစ်ဖွင့်ပွဲ ကျင်းပ

**မြစ်သား ဇူလိုင် ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ဘူတာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီက ကျင်းပသည်။ (အောက်ပုံ)

အခမ်းအနားသို့ မြစ်သားမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစန်းမြင့်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသန်းဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ရပ်မိ၊ ရပ်ဖများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဝင်းမင်းထွန်း(ပြန်/ဆက်)





## ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိ

**တောင်တွင်းကြီး ဇူလိုင် ၅**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများကို ʻလမင်းစီမံချက်ʼဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့ မွန်းလွဲ ၁ နာရီက ဆတ်သွားကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း (ဆတ်သွား)သို့ မြို့နယ်လဝက ဦးစီးမှူးဦးဟိန်းဇော်မင်းနှင့် ဝန်ထမ်းများက နေ့ချင်းပြီး ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်လဝကဦးစီးမှူးတို့က ကြည့်ရှုအားပေးပြီး နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်ပြားများကို ကျောင်းသား၊ ကျောင်းသူ ၈၇ ဦးအား လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**နောင်နောင် (ဗိဿနိုးမြေ)**

## ပွင့်ဖြူမြို့နယ်၌ ဌာနဆိုင်ရာများ စုပေါင်း၍ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုး

**ပွင့်ဖြူ ဇူလိုင် ၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် ဌာနဆိုင်ရာများ စုပေါင်းပြီး ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးခြင်းကို ယမန်နေ့က ပွင့်ဖြူမြို့နယ် ညောင်ပင်ရွာကျေးရွာအဝင် လမ်းဘေးမြေကွက်လပ်၌ ကျင်းပသည်။

အဆိုပါ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရန်နိုင်စိုး၊ ပွင့်ဖြူမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလင်းလင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးမှူး ဦးကျော်စွာမြင့်ဦးနှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး ကျွန်း၊ ရင်းမာ၊ စိန်ပန်း၊ ငုရွှေဝါ စသည့် အရိပ်ရပျိုးပင် ၂၀၀ အား တက်ရောက်လာသူများက သတ်မှတ်နေရာများတွင် တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ပွင့်ဖြူမြို့နယ်သစ်တောဦးစီးဌာနက မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ သစ်တော၊ သစ်ပင်များ၏ တန်ဖိုးကို သိရှိနားလည်နိုင်စေရန်နှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး၊ ရာသီဥတု ဂေဟစနစ် ကောင်းမွန်မျှတစေရေး၊ အရိပ်အာဝါသနှင့် မျက်စိပသာဒအကျိုးများ ရရှိစေရေး၊ အပူဒဏ်ကာကွယ်နိုင်စေရေး စသည့် ရည်ရွယ်ချက်များဖြင့် နှစ်စဉ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို အကောင်အထည်ဖော် စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၄၄၅)



**သစ်ပင်စိုက်ပါ**
**တို့ကမ္ဘာ သာယာလှပ**
**စိမ်းမြမြ။**

## ချောက်မြို့နယ်၌ ပြည်သူ့စကားဝိုင်း ကျင်းပ



**ချောက် ဇူလိုင် ၅**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမိုးဇော်နိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ဝင်းအိမွန်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ဖြစ်သော ဒီမိုကရေစီစနစ်၏ အင်္ဂါရပ်များနှင့်အညီ အများပြည်သူနှင့် အစိုးရတာဝန်ရှိသူများအကြား ဆွေးနွေးတိုင်ပင်ရမည့် အကြောင်းကိစ္စများကို ဆွေးနွေးပြောကြားနိုင်သည့် အခွင့်အလမ်းများအား ဖော်ဆောင်ပေးရန်၊ မိမိရပ်ရွာဒေသတွင် ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို အများပြည်သူကြားတွင် ဆွေးနွေးမှုများ ရှိလာစေရန်၊ ပြည်သူလူထု၏ စဉ်းစားတွေးခေါ်မှုများ မြင့်မားလာပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန် ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်သူ့စကားဝိုင်းကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းလှိုင်က ဦးဆောင်ဆွေးနွေးခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်၊ မြို့နယ်ဆရာဝန်ကြီးဒေါက်တာမျိုးသက်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်း၊ မြို့နယ်ပညာရေးမှူးဦးသန်းမြိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးခင်မောင်ဝင်းတို့က ဌာနအလိုက်ဆောင်ရွက်ပေးလျက်ရှိသော ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာ တက်ရောက်လာကြသည့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ပြည်သူများက သိရှိလိုသည်များ မေးမြန်းကြပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာလိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

## ညောင်ဦးမြို့ ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ် ၂၁၂၀ စင်တီမီတာရောက်ရှိရန် ၈၁ စင်တီမီတာခန့်လို

**ညောင်ဦး ဇူလိုင် ၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၌ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေမှတ်သည် စိုးရိမ်ရေမှတ် ၂၁၂၀ စင်တီမီတာသို့ရောက်ရှိရန် ၈၁ စင်တီမီတာခန့်လိုကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန တာဝန်ခံ ဦးအောင်ကိုမင်းထံက သိရသည်။

ညောင်ဦးခရိုင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ် ၂၁၂၀ စင်တီမီတာအောက်သာ ရောက်ရှိနေပြီး ၂၁၂၀ စင်တီမီတာ ရောက်ရှိရန် ၈၁ စင်တီမီတာလိုကြောင်း၊ ယနေ့ဧရာဝတီမြစ်ရေ တိုင်းထွာချက်အရ ၂၀၃၉ စင်တီမီတာရှိနေကာ တဖြည်းဖြည်းတက်လာနေကြောင်း ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ် အခြေအနေများအား ညောင်ဦးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နေ့စဉ်မြစ်ရေကြီးမှု အခြေအနေအား မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ပူးပေါင်းကာ သတင်းထုတ်ပြန်ပေးလျက်ရှိကြောင်း ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တာဝန်ရှိသူများထံကသိရှိရကာ ညောင်ဦးမြို့တွင် ဧရာဝတီမြစ်ရေတိုင်းတာခြင်းများအား တစ်ရက်သုံးကြိမ် တိုင်းတာကြောင်း၊ စိုးရိမ်ရေမှတ်ရောက်ရှိရန် နီးကပ်လာပါက ဧရာဝတီမြစ်ရေကြီးမှု သတိပေးချက်ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရုံးတာဝန်ရှိသူများထံက သိရသည်။

(အောက်ပုံ)

(၄၈၁)



## မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ် အသိပညာပေးဟောပြော

**မန္တလေး ဇူလိုင် ၅**

အခြေခံပညာဦးစီးဌာန ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း AEDA (ဗဟို)တို့ ပူးပေါင်းကျင်းပသည့် ကျောင်းသား၊ ကျောင်းသူများ အရက်၊ ကွမ်း၊ ဆေးလိပ် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ် အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီခွဲက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၂၅) အခြေခံပညာအထက်တန်းကျောင်း မြရတနာပုံခန်းမတွင် ကျင်းပခဲ့သည်။

ဟောပြောပွဲသို့ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကိုကိုနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း AEDA (ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးဇော်ဦး၊ အတွင်းရေးမှူး ဦးမြင့်သန်း၊ တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦး၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်မေပိုင်၊ အမှုဆောင် ဦးကျော်မင်းသော်၊ အမှုဆောင် ဒေါ်သင်းသင်းဦး၊ ကျောင်းအုပ်ကြီး ဒေါ်စုစုဝေနှင့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၃၀၀ ဦး တက်ရောက်ခဲ့ကြသည်။

ထို့နောက် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးဦးစီးဌာန ဦးစီးအရာရှိက မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းအကြောင်း၊ မူးယစ်ဆေးဝါးသမိုင်းအကြောင်း ဟောပြောပြီး မူးယစ်ဆေးဝါးအမျိုးအစားနှင့် ဆိုးကျိုးအန္တရာယ်၊ အရက်၊ ကွမ်း၊ ဆေးလိပ်မူးယစ်ဆေးအကြောင်း အသိပညာပေးဟောပြောခြင်း၊ ဉာဏ်စမ်းပဟေဠိများမေးမြန်းပြီး မှန်ကန်စွာဖြေဆိုနိုင်သူ ကျောင်းသား၊ကျောင်းသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၀၇၀)



# ဂျပန်နိုင်ငံက အိန္ဒိယနိုင်ငံ၌ အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံခန့် ရင်းနှီးမြှုပ်နှံမည်

နယူးဒေလီ ဇူလိုင် ၅

ဂျပန်နိုင်ငံက အိန္ဒိယနိုင်ငံ၌ အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံခန့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် တာကိုင်ချီ ဆာနေးက ယမန်နေ့တွင် ကြေညာခဲ့သည်။



ဂျပန်ဝန်ကြီးချုပ် တာကိုင်ချီ ဆာနေးက အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာ မိုဒီနှင့်အတူ နှစ်နိုင်ငံထိပ်သီးဆွေးနွေးပွဲများကို ယမန်နေ့တွင် အပြီးသတ်ကျင်းပခဲ့သည်။

## အပြန်အလှန် ထောက်ပံ့ကူညီ

၎င်းတို့၏ ဆွေးနွေးပွဲအပြီးတွင် ဆာနေးက ဂျပန်နှင့် အိန္ဒိယနှစ်နိုင်ငံသည် ခိုင်မာပြီး ကြွယ်ဝချမ်းသာလာစေရန် နှစ်နိုင်ငံ အားသာချက်များကို အသုံးချသွားမည်ဖြစ်ကြောင်းနှင့် မတည်ငြိမ်သော နိုင်ငံတကာအခြေအနေကြောင့် ယခုကဲ့သို့သော အပြန်အလှန် ထောက်ပံ့ကူညီပေးသည့် ပူးပေါင်းဆောင်ရွက်မှုကို တည်ဆောက်ရန် ပိုမိုအရေးကြီးကြောင်း ဝန်ကြီးချုပ် ဆာနေးက ပြောကြားခဲ့သည်။

လာမည့် ၁၀ နှစ်အတွင်း အိန္ဒိယနိုင်ငံ၌ ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုပမာဏကို ယန်း ၁၀ ထရီလီယံခန့်အထိ တိုးချဲ့သွားမည်ဖြစ်ပြီး လုပ်ငန်းလည်ပတ်နေသော ဂျပန်ကုမ္ပဏီ အရေအတွက်ကို နှစ်ဆတိုးရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် မိုဒီက ပြောကြားခဲ့သည်။

နှစ်နိုင်ငံသည် တစ်ပိုင်းလျှပ်ကူးပစ္စည်းများနှင့် အရေးကြီးသော သတ္တုများကဲ့သို့သော ဦးစားပေးနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဆာနေးက ပြောကြားခဲ့သည်။ နှစ်နိုင်ငံစလုံးမှ ကုမ္ပဏီများသည် ပူးပေါင်းဆောင်ရွက်မှု စာရွက်စာတမ်း ၁၃၀ ခန့်ကို ဖလှယ်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# အစ္စရေးနိုင်ငံ၌ နှစ်ရှည် အမျိုးသားသယ်ယူပို့ဆောင်ရေး အစီအမံတစ်ရပ် ဆောင်ရွက်မည်

ဂျေရုဆလင် ဇူလိုင် ၅

အစ္စရေးနိုင်ငံ၌ ၂၀၅၀ ပြည့်နှစ်အထိ ရည်မှန်းထားသည့် နှစ်ရှည် အမျိုးသားသယ်ယူပို့ဆောင်ရေးအစီအမံတစ်ရပ်ကို ဆောင်ရွက်မည်ဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။

အဆိုပါစီမံချက်သည် ကိုယ်ပိုင်ကားများအပေါ်မှီခိုမှုလျှော့ချခြင်းနှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကို ချဲ့ထွင်ဆောင်ရွက်ခြင်းဖြစ်သည်။ ၎င်းမဟာဗျူဟာအရ အစ္စရေး၏ မြို့ပြဧရိယာများတွင် ရေရှည်တည်တံ့သော သယ်ယူပို့ဆောင်ရေးခရီးစဉ်များအား နှစ်ဆတိုးစေရန်နှင့် ကိုယ်ပိုင်ယာဉ်အသုံးပြုမှုကို ၃၀ ရာခိုင်နှုန်းခန့်အထိ လျှော့ချရန် ရည်ရွယ်ထားသည်။

ယင်းအစီအစဉ်တွင် လမ်းများ၊ မြို့တွင်းရထားလမ်း၊ ဘတ်စ်ကားစနစ်များ၊ လမ်းလျှောက်သူနှင့် စက်ဘီးစီးသူများဆိုင်ရာ အခြေခံအဆောက်အအုံများတွင် ရှာကယ်ဘီလီယံရာပေါင်းများစွာ ရင်းနှီးမြှုပ်နှံမှုများ ပါဝင်သည်။ နိုင်ငံအတွင်း လူဦးရေ အလျင်အမြန်များလာမှု၊ ခရီးသွားလာမှု မြင့်တက်လာမှုနှင့် ဒေသများအကြား ပိုမိုကောင်းမွန်သော ချိတ်ဆက်မှုလိုအပ်ချက်တို့ကို ဖြေရှင်းရန် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ယခုဆောင်ရွက်မည့်အစီအစဉ်အား လက်ရှိသယ်ယူပို့ဆောင်ရေး အစီအစဉ်များနှင့် ပေါင်းစပ်ကာ စွမ်းရည်၊ ယုံကြည်စိတ်ချရမှု၊ လက်လှမ်းမီမှုနှင့် ခရီးသည် အတွေ့အကြုံတို့ကို ဦးစားပေးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ရေရှည်အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကို ဦးတည်စေမည်ဖြစ်ကာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုကို အားကောင်းစေရန်နှင့် အစ္စရေးနိုင်ငံတစ်ဝန်း ပိုမိုထိရောက်သော ခရီးသွားလုပ်ငန်းကို ပံ့ပိုးပေးရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# "သိပ္ပံ" ဟု အမည်ပေးထားသော တရုတ်သုတေသနသင်္ဘော ကဲ့ရှယ် အနောက်ပစိဖိတ်သမုဒ္ဒရာ ရက် ၄၀ စူးစမ်းလေ့လာရေးခရီးစတင်

ပေကျင်း ဇူလိုင် ၅

"သိပ္ပံ" ဟု အမည်ပေးထားသော တရုတ်သုတေသန သင်္ဘောကဲ့ရှယ်သည် အနောက်ပစိဖိတ် သမုဒ္ဒရာအတွင်း ရက်ပေါင်း ၄၀ ကြာသိပ္ပံနည်းကျ စူးစမ်းလေ့လာရေးခရီးစဉ်ကို စတင်ရန်အတွက် ရှန်တုန်းပြည်နယ်၊ ချင်တောင်းမြို့ရှိ မိခင်ဆိပ်ကမ်းမှ ဇူလိုင် ၄ ရက်တွင် ထွက်ခွာသွားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ သင်္ဘောပေါ်တွင် လိုက်ပါသွားသည့် ပြည်တွင်း အဖွဲ့အစည်း ၁၀ ခုကျော်မှ သုတေသီ ၃၃ ဦး၊ သင်္ဘောသားများနှင့် ကျွမ်းကျင်ပညာရှင် ၅၇ ဦးတို့သည် အဓိကသိပ္ပံပညာရပ်ဆိုင်ရာ တာဝန်နှစ်ခုကို အလေးထားဆောင်ရွက်ကြမည်ဖြစ်သည်။



ယင်းတာဝန်များအနက် တစ်ခုမှာ အနောက်ပစိဖိတ်ရေစီးကြောင်းစနစ်နှင့် ရေနွေးအိုင်တို့၏ ပြောင်းလဲမှုများအပြင် ရာသီဥတုပြောင်းလဲမှုအပေါ် ၎င်းတို့၏ သက်ရောက်မှုများကို စုံစမ်းစစ်ဆေးရန်ဖြစ်ပြီး အခြားတစ်ခုမှာ အနောက်ပစိဖိတ်ဒေသ၏ ရှုပ်ထွေးသော ဘူမိဗေဒနှင့် မြေမျက်နှာသွင်ပြင် ဖြစ်တည်လာပုံများအပြင် ၎င်းတို့၏ အရင်းအမြစ်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများကို လေ့လာရန်ဖြစ်ကြောင်း သိရသည်။

Mon




# တရုတ်နိုင်ငံပိုင် အမြန်ချောပို့လုပ်ငန်းအနေဖြင့် ပါဆယ်ထုပ် ဘီလီယံ ၁၀၀ ကျော် ပို့ဆောင်ပေးခဲ့

ပေကျင်း ဇူလိုင် ၅

တရုတ်နိုင်ငံပိုင် အမြန်ချောပို့လုပ်ငန်းအနေဖြင့် ယခုနှစ်တွင် ဇွန် ၃၀ ရက် နေ့အထိ ပါဆယ်ထုပ်အရေအတွက် ဘီလီယံ ၁၀၀ ကျော်လွန်အောင် ပို့ဆောင်ပေးခဲ့ပြီး ယမန်နှစ်ကထက် ကိုးရက်စော၍ ပို့ပေးနိုင်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ကိန်းဂဏန်းသည် တရုတ်နိုင်ငံ၏ စာတိုက်နှင့် အမြန်ချောပို့ကဏ္ဍ၏ ဆက်လက်ကြံ့ကြံ့ခံနိုင်မှုကို ပြသနေသည့်အပြင် နိုင်ငံ၏ စားသုံးသူဈေးကွက်အတွင်း တည်ငြိမ်သော လှုပ်ရှားမှုများကိုပါ ညွှန်ပြနေသည်ဟု ဆိုသည်။

၂၀၂၅ ခုနှစ်တွင် တရုတ်နိုင်ငံသည် အမြန်ချောပို့ပါဆယ်ထုတ်ကုန် ၁၉၈ ဒသမ ၉၅ ဘီလီယံကို ကိုင်တွယ်ဆောင်ရွက်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၁၃ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်ကာ ကမ္ဘာ့အကြီးဆုံး အမြန်ချောပို့ဈေးကွက်အဖြစ် ၎င်း၏ရပ်တည်ချက်ကို ဆက်လက် ထိန်းသိမ်းထားကြောင်း သိရသည်။

Mon



# နယူးဒေလီမြို့၏ လူထုကျန်းမာရေးပြဿနာ ဖြေရှင်းရန်အတွက် သန့်ရှင်းသော သယ်ယူပို့ဆောင်ရေးစနစ် မြှင့်တင်ရန် စီစဉ်လျက်ရှိ

နယူးဒေလီ ဇူလိုင် ၅

ကြုံတွေ့နေရသောလူထုကျန်းမာရေးပြဿနာကို ရင်ဆိုင်ဖြေရှင်းရန်အတွက် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သည် ပိုမိုသန့်ရှင်းသော သယ်ယူပို့ဆောင်ရေးစနစ်ကို မြှင့်တင်ရန် စီစဉ်လျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါမြို့သည် လေထုညစ်ညမ်းမှုကို ပိုမိုဖြစ်စေသည့် မော်တော်ယာဉ်ဟောင်းများကို ဖျက်သိမ်းပြီး လျှပ်စစ်မော်တော်ယာဉ်များဖြင့် အစားထိုးလဲလှယ်သည့် ဒေသခံများအား ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁,၀၀၀ ခန့် ပေးအပ်သွားမည်ဖြစ်ပြီး ထိုသို့ ပြောင်းလဲခြင်းသည် ရေတိုကာလအတွင်း ပိုမိုသန့်ရှင်းသော လေထုကို ရရှိစေကာ လောင်စာဆီသုံးစွဲမှုကို လျှော့ချပေးနိုင်မည် ဖြစ်သည်။

ယင်းမူဝါဒသည် မြို့ပြလမ်းမများပေါ်မှ လေထုကို အများဆုံးညစ်ညမ်းစေသည့် မော်တော်ယာဉ်အချို့ကို ဖယ်ရှားရန်နှင့် နယူးဒေလီမြို့တွင် နှစ်ပေါင်းများစွာကြာအောင် ဝန်ထုပ်ဝန်ပိုးဖြစ်စေခဲ့သည့် လေထုညစ်ညမ်းမှုဒဏ်ကို လျှော့ချရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

Mon



# ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အလယ်ပိုင်းတွင် မော်တော်တစ်စင်းနစ်မြုပ်၊ လူ ၂၀ ဦး သေဆုံးခဲ့ရ

ကင်ရှာဆာ ဇူလိုင် ၅

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံအလယ်ပိုင်းတွင် အစိုးရစစ်စာမေးပွဲဖြေဆိုပြီး ပြန်လာသည့် ကျောင်းသားများ လိုက်ပါလာသော မော်တော်တစ်စင်း ယမန်နေ့ကနစ်မြုပ်ရာ အနည်းဆုံး လူ ၂၀ ဦး သေဆုံးခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

မျက်မြင်သက်သေများ၏ ပြောကြားချက်အရ အဆိုပါရေယာဉ်သည် ကာဆိုင်းပြည်နယ်ရှိ ဆန်ကူရူးမြစ်နှင့် ကာဆိုင်းမြစ်တို့ ဆုံရာမြစ်ဝသို့ အဝင်၌ နစ်မြုပ်သွားခြင်းဖြစ်သည်။

အာဖရိကအလယ်ပိုင်း နိုင်ငံဖြစ်သော ကွန်ဂိုနိုင်ငံတွင် ညဘက်ခရီးသွားလာခြင်းနှင့် ရေယာဉ်များပေါ်၌ လူဦးရေအလွန်အကျွံတင်ဆောင်ခြင်းတို့ကြောင့် လူသေဆုံးမှုဖြစ်စေသည့် ရေယာဉ်မှောက်သောဘေးအန္တရာယ်များ ဖြစ်လေ့ဖြစ်ထရှိကြောင်း သိရသည်။

Mon

STOP AIDS

# မန္တလေးတက္ကသိုလ်(၁၀၁)နှစ်ပြည့်အထိမ်းအမှတ် အန္တရာယ်ကင်းပရိတ်တရားနာ၊ ဆွမ်းကပ်၊ စတုဒိသာကျွေးမွေး

**မန္တလေး ဇူလိုင် ၅**

မန္တလေးတက္ကသိုလ်(၁၀၁) နှစ်ပြည့်အထိမ်းအမှတ် အန္တရာယ်ကင်းပရိတ်တရားနာယူခြင်း၊ ဆွမ်းဆက်ကပ်ခြင်းနှင့် စတုဒိသာကျွေးမွေးလှူဒါန်းပွဲကို ဇူလိုင် ၄ ရက်က မန္တလေးတက္ကသိုလ်ပင်မဆောင်တွင် ကျင်းပသည်။



မန္တလေးတက္ကသိုလ်(၁၀၁) နှစ်ပြည့် အန္တရာယ်ကင်းပရိတ်တရားနာယူခြင်း အခမ်းအနားကို နံနက် ၈ နာရီက မန္တလေးတက္ကသိုလ်ပင်မဆောင်တွင် ကျင်းပသည်။ အခမ်းအနားတွင် မဟာအောင်မြေမြို့နယ် ကျောင်းတိုက်များမှ ဆရာတော်၊ သံဃာတော်များအားပင့်ဖိတ်၍ အန္တရာယ်ကင်းပရိတ်တရားနာယူပြီး မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်များ၊ မန္တလေးတက္ကသိုလ် (၁၀၁)နှစ်ပြည့်ပွဲတော် ကျင်းပရေးကော်မတီနာယက ဦးတင်မောင်နှင့် အဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြည်ညိုပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ လှူဒါန်း၍ ဆွမ်းဆက်ကပ်ခဲ့သည်။

မန္တလေးတက္ကသိုလ်(၁၀၁) နှစ်ပြည့်အထိမ်းအမှတ် စတုဒိသာကျွေးမွေးပွဲနှင့် ပျော်ပွဲရွှင်ပွဲကို ညနေ ၄ နာရီက ပင်မဆောင်ရှေ့တွင်ကျင်းပရာ မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် မန္တလေးတက္ကသိုလ် (၁၀၁)နှစ်ပြည့်ပွဲတော် ကျင်းပရေးကော်မတီနာယကများက အမှတ်တရကိတ်ခွဲပြီး တက်ရောက်လာသော မန္တလေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူများအား ရူပဗေဒမိသားစုမှ မုန့်ဟင်းခါး၊ AMU အဖွဲ့မှ အုန်းပေါင်းငှက်ပျောသီးကြော်၊ ထမင်းသုပ်၊ ဓာတုဗေဒမိသားစုမှ ကော်ဖီနှင့် နှမ်းကပ်ဘီစကစ်များ စတုဒိသာကျွေးမွေး၍ ကျောင်းသား၊ ကျောင်းသူဟောင်းများက တေးသီချင်းများဖြင့်ဖျော်ဖြေကြကြောင်း သိရသည်။ **(အပေါ်ပုံ)(ဝ၄၅)**

# အုတ်စီရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**နေပြည်တော် ဇူလိုင် ၅**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စည်ပင်ကြီး ကျေးရွာအုပ်စု၊ ရွာသစ်ကြီးကျေးရွာ၌ အုတ်စီရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦး၊ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်နှင့် တာဝန်ရှိသူများက ရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ရွာသစ်ကြီးကျေးရွာ၌ အုတ်စီရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းအား ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းသွားကြရန် မှာကြားခဲ့သည်။

ရွာသစ်ကြီးကျေးရွာ၌ အရှည် ပေ ၁၃၅၀၊ အကျယ်တစ်ပေ ခြောက်လက်မ၊ အမြင့်နှစ်ပေ ခြောက်လက်မရှိ အုတ်စီရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၇ ဒသမ ၅သန်း၊ စုစုပေါင်းငွေကျပ် ၂၂ ဒသမ ၅ သန်းအသုံးပြု၍ ဌာနမှဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မေ ၂၂ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးထံမှ သိရသည်။

**(အောက်ဝဲပုံ)နော်လူး**



# ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်း Training Of Trainer TOT ဖွင့်လှစ်

**စစ်ကိုင်း ဇူလိုင် ၅**

ဥပဒေရေးရာဝန်ကြီးဌာန၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မည့်အစီအစဉ်များအရ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT)အား စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၏ ကြီးကြပ်မှုဖြင့် စစ်ကိုင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက သင်တန်းဖွင့်လှစ်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အမှာစကားပြောကြားသည်။ အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးမင်းမင်းဇေယျာမြင့်နှင့် ဦးသော်နိုင်ဦး၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းအား သင်တန်းသား၊ သင်တန်းသူ ၁၁၀ ဦး တက်ရောက်ခဲ့ပြီး မြို့နယ်ဥပဒေအရာရှိ ဦးဇေယျာသိန်းထိုက် ဦးစီး၍ သင်တန်းဆရာ၊ ဆရာမ ရှစ်ဦးဖြင့် ဥပဒေဘာသာရပ် ကိုးခုကို ၃ ရက်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**




ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## ဖိတ်ခေါ်ပါသည် ပံသုကျီမည် ပုသိမ်ကြီးဆီသို့

* မန်းမြေမဟာ တစ်တိုင်သာသာ
မကွာလှမ်းဝေး ရှငေးစရာ
မြေယာစိမ်းလန်း ရေကြည်စမ်းနဲ့
မခန်းတောအုပ် မြရည်ရုပ်နဲ့
အဟုတ်တည်ရာ ပုသိမ်ကြီးမှာ။

* ပုဂံသမိုင်း လှစ်ကာပိုင်းတော့
တံတိုင်းတွင်အား အလောင်းစည်သူ့သား
မင်းရှင်စောကား မြို့ရွာများတည်
ထိုမည်သာတွင်း ဤမြေလင်းသည်
ပံသုကျီမည် ရန်ကင်း-တည်သော။

* ဝန်းရံပတ်လည် အင်းချောင်းတည်၍
မြောက်မှာချီသား မှိုင်းညို့မြင့်မား
ရေတံခွန်တောင်
သခင်မတောင်
သာခိုတောင်နဲ့
ရန်ကင်းတောင်များ မိုးကာထား၍
မြေနှစ်မြေဆီ ပေါ်များတည်၏။

* တို့ပုဒ္ဓသမိုင်း နစဉ်ရှုပိုင်း
လှိုင်းထဘဝ ငါးရံ့မင်း
ကြက်မင်း, သာလိကာမင်းနဲ့
ဝက်မင်းဘဝ ဘဝများစွာ
ကျင်လည်ရာတည် "ငါးရံ့မင်းတောင်"(ခေါ်)
ရန်ကင်းတောင်လည်း လေ့လာမစဲ
ကြည်ညိုကဲရာ ဖြစ်လို့ပါတည်း။

* ဘယ်ရပ်ကြည့်ကြည့် စိမ်းစိုဘိလား
စိုက်ခင်းများနဲ့ မနားယာခင်း
သင်းပင်းဝန်းစို သစ်ဝါးပျိုန
စိမ်းဥထူတယ် တင့်တယ်ပေ-သား။

* ယာဉ်ရှုပ်လူများ အပူအားဖြင့်
မနားမွန်းကြပ် မြို့ခွင်ရပ်မှ
ကြည်အပ်စိတ်ခွင် ချမ်းမြေ့ချင်သော်
ခဏနော်မဝေး ပံသုကျီဘေး
မြင်ကွင်းအေးသို့ ဖိတ်ခေါ်ပါသည်
ဖိတ်ခေါ်ပါ၏ ခေါ်ပါ၏။ ။

**ရေချမ်း-မန်း**

### အခွန်ဌာန၊ ဘီးလိုမ့်ခွန်ကောက်ခံရေးအဖွဲ့မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တိုးမြှင့်ကောက်ခံမည့်နှုန်းထားများ

| စဉ် | အမျိုးအစား | တိုးမြှင့်ကောက်ခံမည့်နှုန်းထား | | | မှတ်ချက် |
|---|---|---|---|---|---|
| | | (၁)နှစ် | စီးပွားသုံး (၁)နှစ် / ကိုယ်ပိုင်(၂)နှစ် | (၃)နှစ် | |
| ၁ | မော်တော်ဆိုင်ကယ် | ၅၀၀ဝိ/- | ၁၀၀၀ဝိ/- | - | |
| ၂ | ၆၆၀ CC အောက် | ၃၆၅၀ဝိ/- | ၇၃၀၀ဝိ/- | ၁၀၉၅၀ဝိ/- | |
| ၃ | ၆၆၀ CC မှ ၁၃၀၀ CC ထိ | ၅၄၇၅ဝိ/- | ၁၀၉၅၀ဝိ/- | ၁၆၄၂၅ဝိ/- | |
| ၄ | ၁၃၀၁ CC မှ ၂၀၀၀ CC ထိ | ၇၃၀၀ဝိ/- | ၁၄၆၀၀ဝိ/- | ၂၁၉၀၀ဝိ/- | |
| ၅ | ၂၀၀၁ CC မှ ၄၃၀၀ CC ထိ | ၉၁၂၅ဝိ/- | ၁၈၂၅၀ဝိ/- | ၂၇၃၇၅ဝိ/- | |
| ၆ | ၄၃၀၁ CC အထက် | ၁၀၉၅၀ဝိ/- | ၂၁၉၀၀ဝိ/- | ၃၂၈၅၀ဝိ/- | |
| ၇ | သုံးဘီးဆိုင်ကယ်နှင့် ထော်လာဂျီ | အင်ဂျင်ပါဝါဖြင့်ကောက်ခံ | | | |

### ဒဏ်ကြေးနှုန်းထား

| စဉ် | အင်ဂျင်ပါဝါ | စီးပွားသုံးမဟုတ်သည့် ကိုယ်ပိုင်မော်တော်ယာဉ် | | | စီးပွားသုံး အငှားမော်တော်ယာဉ် | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | ကောက်ခံနှုန်း(ကျပ်) | (၇၅%) လျှော့ပေါ့နှုန်း(ကျပ်) | (၂၅%) ကောက်ခံနှုန်း (ကျပ်) | (၁)နှစ် နှုန်း (ကျပ်) | (၇၅%) လျှော့ ပေါ့နှုန်း (ကျပ်) | (၂၅%) ကောက် ခံနှုန်း (ကျပ်) | |
| ၁။ | 1 Kilo Watt မှ 52.21 Kilo Watt အထိ ၆၀၀ CC အောက် | ၈၀၀၀/- | ၆၀၀၀/- | ၂၀၀၀/- | ၄၀၀၀/- | ၃၀၀၀/- | ၁၀၀၀/- | |
| ၂။ | 52.22 Kilo Watt မှ 67.89 Kilo Watt အထိ ၆၀၀ CC မှ ၁၃၀၀ CC ထိ | ၁၀၀၀၀/- | ၇၅၀၀/- | ၂၅၀၀/- | ၆၀၀၀/- | ၄၅၀၀/- | ၁၅၀၀/- | |
| ၃။ | 67.90 Kilo Watt မှ 104.44 Kilo Watt အထိ ၁၃၀၁ CC မှ ၂၀၀၀ CC ထိ | ၁၂၀၀၀/- | ၉၀၀၀/- | ၃၀၀၀/- | ၈၀၀၀/- | ၆၀၀၀/- | ၂၀၀၀/- | |
| ၄။ | 104.45 Kilo Watt မှ 224.55 Kilo Watt အထိ ၂၀၀၁ CC မှ ၄၃၀၀ CC ထိ | ၁၄၀၀၀/- | ၁၀၅၀၀/- | ၃၅၀၀/- | ၁၀၀၀၀/- | ၇၅၀၀/- | ၂၅၀၀/- | |
| ၅။ | 224.56 Kilo Watt နှင့်အထက် ၄၃၀၁ CC နှင့် အထက် | ၁၆၀၀၀/- | ၁၂၀၀၀/- | ၄၀၀၀/- | ၁၂၀၀၀/- | ၉၀၀၀/- | ၃၀၀၀/- | |
| ၆။ | မော်တော်ဆိုင်ကယ် | ၃၀၀၀/- | ၂၂၅၀/- | ၇၅၀/- | - | - | - | |

မှတ်ချက်။ ယာဉ်၏သက်တမ်းမှာ ကု.ည.န ၏ သက်တမ်းအတိုင်းဖြစ်ပါသည်။

### အခွန်ဌာန၊ ဘီးလိုမ့်ခွန်ကောက်ခံရေးအဖွဲ့မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တိုးမြှင့်ကောက်ခံမည့်နှုန်းထားများ

| စဉ် | အမျိုးအစား | တိုးမြှင့်ကောက်ခံမည့်နှစ်လွန်ကြေး/ ကတ်ဟောင်းမပါ ဒဏ်ကြေးနှုန်းထား | | | မှတ်ချက် |
|---|---|---|---|---|---|
| | | စီးပွားရေးသုံးမဟုတ်သည့် ကိုယ်ပိုင် မော်တော်ယာဉ် | စီးပွားရေးသုံးအငှား မော်တော်ယာဉ် (၁)နှစ် | စီးပွားရေးသုံးအငှား မော်တော်ယာဉ် (၂)နှစ် | |
| ၁ | မော်တော်ဆိုင်ကယ် | ၆၀၀ဝိ/- | - | - | |
| ၂ | ၆၆၀ CC အောက် | ၈၀၀ဝိ/- | ၄၀၀ဝိ/- | ၈၀၀ဝိ/- | |
| ၃ | ၆၆၀ CC မှ ၁၃၀၀ CC ထိ | ၁၀၀၀ဝိ/- | ၆၀၀ဝိ/- | ၁၂၀၀ဝိ/- | |
| ၄ | ၁၃၀၁ CC မှ ၂၀၀၀ CC ထိ | ၁၂၀၀ဝိ/- | ၈၀၀ဝိ/- | ၁၆၀၀ဝိ/- | |
| ၅ | ၂၀၀၁ CC မှ ၄၃၀၀ CC ထိ | ၁၄၀၀ဝိ/- | ၁၀၀၀ဝိ/- | ၂၀၀၀ဝိ/- | |
| ၆ | ၄၃၀၁ CC အထက် | ၁၆၀၀ဝိ/- | ၁၂၀၀ဝိ/- | ၂၄၀၀ဝိ/- | |

### ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် EV မော်တော်ယာဉ်/ မော်တော်ဆိုင်ကယ်များအား ကောက်ခံမည့်နှုန်းထား

| စဉ် | အင်ဂျင်ပါဝါ | တစ်နှစ် နှုန်း(ကျပ်) | (၇၅%) လျှော့ပေါ့ နှုန်း(ကျပ်) | (၂၅%) ကောက်ခံ နှုန်း(ကျပ်) | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | 1 Kilo Watt မှ 52.21 Kilo Watt အထိ ၆၀၀ CC အောက် | ၃၆၅၀၀/- | ၂၇၃၇၅/- | ၉၁၂၅/- | |
| ၂။ | 52.22 Kilo Watt မှ 67.89 Kilo Watt အထိ ၆၀၀ CC မှ ၁၃၀၀ CC ထိ | ၅၄၇၅၀/- | ၄၁၀၆၂/၅၀ပြား | ၁၃၆၈၇/၅၀ပြား | |
| ၃။ | 67.90 Kilo Watt မှ 104.44 Kilo Watt အထိ ၁၃၀၁ CC မှ ၂၀၀၀ CC ထိ | ၇၃၀၀၀/- | ၅၄၇၅၀/- | ၁၈၂၅၀/- | |
| ၄။ | 104.45 Kilo Watt မှ 224.55 Kilo Watt အထိ ၂၀၀၁ CC မှ ၄၃၀၀ CC ထိ | ၉၁၂၅၀/- | ၆၈၄၃၇/၅၀ပြား | ၂၂၈၁၂/၅၀ပြား | |
| ၅။ | 224.56 Kilo Watt နှင့်အထက် ၄၃၀၁ CC နှင့် အထက် | ၁၀၉၅၀၀/- | ၈၂၁၂၅/- | ၂၇၃၇၅/- | |
| ၆။ | မော်တော်ဆိုင်ကယ် | ၅၀၀၀/- | ၃၇၅၀/- | ၁၂၅၀/- | |

### မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် မန္တလေးမြို့အဝင် လမ်းအသုံးပြုခကောက်ခံခွင့်လုပ်ငန်း၌ ပြင်ဆင်ကောက်ခံမည့်နှုန်းထားများ

| စဉ် | ယာဉ်အမျိုးအစား | ကွန်ပျူတာစနစ်ရှိ Class No | ကုန်မပါ | | | | ကုန်ပါ | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | လမ်းအသုံးပြုခ | တန်ပိုကြေး | မြို့ဝင်ကြေး | ပေါင်း | လမ်းအသုံးပြုခ | တန်ပိုကြေး | မြို့ဝင်ကြေး | ပေါင်း |
| ၁ | ထော်လာဂျီ(အသေး) | 1 | ၄၀ဝိ/- | - | - | ၄၀ဝိ/- | ၁၀၀ဝိ/- | - | - | ၁၀၀ဝိ/- |
| ၂ | ထော်လာဂျီ(အကြီး) | 2 | ၄၀ဝိ/- | - | - | ၄၀ဝိ/- | ၂၀၀ဝိ/- | - | - | ၂၀၀ဝိ/- |
| ၃ | အိမ်စီးယာဉ်များ | 3 | ၄၀ဝိ/- | - | - | ၄၀ဝိ/- | ၄၀ဝိ/- | - | - | ၄၀ဝိ/- |
| ၄ | ဟိုင်းလက်၊ တောင်းအေ့စ်၊လိုက်ထရပ် | 6 | ၆၀ဝိ/- | - | - | ၆၀ဝိ/- | ၁၀၀ဝိ/- | - | - | ၁၀၀ဝိ/- |
| ၅ | ခရီးသည်(၃၀)ယောက်စီးယာဉ် | 7 | ၃၀၀ဝိ/- | - | ၁၀၀ဝိ/- | ၄၀၀ဝိ/- | ၃၀၀ဝိ/- | - | ၁၀၀ဝိ/- | ၄၀၀ဝိ/- |
| ၆ | ခရီးသည်(၄၅)ယောက်စီးယာဉ် | 8 | ၅၀၀ဝိ/- | - | ၁၀၀ဝိ/- | ၆၀၀ဝိ/- | ၅၀၀ဝိ/- | - | ၁၀၀ဝိ/- | ၆၀၀ဝိ/- |
| ၇ | ခရီးသည်(၅၅)ယောက်စီးယာဉ် | 9 | ၆၀၀ဝိ/- | ၃၀၀ဝိ/- | ၁၀၀ဝိ/- | ၁၀၀၀ဝိ/- | ၆၀၀ဝိ/- | ၃၀၀ဝိ/- | ၁၀၀ဝိ/- | ၁၀၀၀ဝိ/- |
| ၈ | ဒိုင်နာ (၁၀)ပေ | 10 | ၁၀၀ဝိ/- | - | ၁၀၀ဝိ/- | ၂၀၀ဝိ/- | ၃၀၀ဝိ/- | - | ၁၀၀ဝိ/- | ၄၀၀ဝိ/- |
| ၉ | ဒိုင်နာ (၁၄)ပေ | 11 | ၁၂၀ဝိ/- | - | ၁၀၀ဝိ/- | ၂၂၀ဝိ/- | ၄၀၀ဝိ/- | - | ၁၀၀ဝိ/- | ၅၀၀ဝိ/- |
| ၁၀ | ဒိုင်နာ (၁၆)ပေ | 12 | ၁၅၀ဝိ/- | - | ၁၀၀ဝိ/- | ၂၅၀ဝိ/- | ၅၀၀ဝိ/- | - | ၁၀၀ဝိ/- | ၆၀၀ဝိ/- |
| ၁၁ | (၆)ဘီးယာဉ် | 13 | ၂၄၀ဝိ/- | - | ၁၀၀ဝိ/- | ၃၄၀ဝိ/- | ၅၂၀ဝိ/- | - | ၁၀၀ဝိ/- | ၆၂၀ဝိ/- |
| ၁၂ | (၈)ဘီးယာဉ် | 14 | ၃၀၀ဝိ/- | - | ၁၀၀ဝိ/- | ၄၀၀ဝိ/- | ၆၀၀ဝိ/- | - | ၁၀၀ဝိ/- | ၇၀၀ဝိ/- |
| ၁၃ | (၁၀)ဘီးယာဉ် | 15 | ၃၀၀ဝိ/- | - | ၁၀၀ဝိ/- | ၄၀၀ဝိ/- | ၆၀၀ဝိ/- | ၂၄၀ဝိ/- | ၁၀၀ဝိ/- | ၉၄၀ဝိ/- |
| | (၁၀)ဘီးယာဉ် (ဘီးခွန်ပါ) | 25 | ၃၀၀ဝိ/- | | | ၃၀၀ဝိ/- | ၆၀၀ဝိ/- | ၂၄၀ဝိ/- | | ၈၄၀ဝိ/- |
| ၁၄ | (၁၂)ဘီးယာဉ် | 16 | ၄၀၀ဝိ/- | - | ၁၀၀ဝိ/- | ၅၀၀ဝိ/- | ၆၀၀ဝိ/- | ၄၈၀ဝိ/- | ၁၀၀ဝိ/- | ၁၁၈၀ဝိ/- |
| | (၁၂)ဘီးယာဉ် (ဘီးခွန်ပါ) | 26 | ၄၀၀ဝိ/- | | | ၄၀၀ဝိ/- | ၆၀၀ဝိ/- | ၄၈၀ဝိ/- | | ၁၀၈၀ဝိ/- |
| ၁၅ | (၁၄)ဘီးယာဉ် | 17 | ၄၄၀ဝိ/- | - | ၁၀၀ဝိ/- | ၅၄၀ဝိ/- | ၆၀၀ဝိ/- | ၆၆၀ဝိ/- | ၁၀၀ဝိ/- | ၁၃၆၀ဝိ/- |
| | (၁၄)ဘီးယာဉ် (ဘီးခွန်ပါ) | 27 | ၄၄၀ဝိ/- | | | ၄၄၀ဝိ/- | ၆၀၀ဝိ/- | ၆၆၀ဝိ/- | | ၁၂၆၀ဝိ/- |
| ၁၆ | (၁၈)ဘီးယာဉ် | 18 | ၅၀၀ဝိ/- | - | ၁၀၀ဝိ/- | ၆၀၀ဝိ/- | ၆၀၀ဝိ/- | ၁၆၀၀ဝိ/- | ၁၀၀ဝိ/- | ၂၃၀၀ဝိ/- |
| | (၁၈)ဘီးယာဉ် (ဘီးခွန်ပါ) | 28 | ၅၀၀ဝိ/- | | | ၅၀၀ဝိ/- | ၆၀၀ဝိ/- | ၁၆၀၀ဝိ/- | | ၂၂၀၀ဝိ/- |
| ၁၇ | (၂၂)ဘီးယာဉ် | 19 | ၆၀၀ဝိ/- | - | ၁၀၀ဝိ/- | ၇၀၀ဝိ/- | ၆၀၀ဝိ/- | ၁၈၆၀ဝိ/- | ၁၀၀ဝိ/- | ၂၅၆၀ဝိ/- |
| | (၂၂)ဘီးယာဉ် (ဘီးခွန်ပါ) | 29 | ၆၀၀ဝိ/- | | | ၆၀၀ဝိ/- | ၆၀၀ဝိ/- | ၁၈၆၀ဝိ/- | | ၂၄၆၀ဝိ/- |
| ၁၈ | (၂၆)ဘီးယာဉ် | 20 | ၆၀၀ဝိ/- | ၆၀ဝိ/- | ၁၀၀ဝိ/- | ၇၆၀ဝိ/- | ၆၀၀ဝိ/- | ၂၁၄၀ဝိ/- | ၁၀၀ဝိ/- | ၂၈၄၀ဝိ/- |
| | (၂၆)ဘီးယာဉ် (ဘီးခွန်ပါ) | 30 | ၆၀၀ဝိ/- | | | ၆၀၀ဝိ/- | ၆၀၀ဝိ/- | ၂၁၄၀ဝိ/- | | ၂၇၄၀ဝိ/- |

## ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုးမြှင့်ကောက်ခံမည့်နှုန်းထားများ

| စဉ် | အကြောင်းအရာ | အရေအတွက် | တိုးမြှင့်ကောက်ခံမည့်နှုန်းထား |
|---|---|---|---|
| ၁ | **အုတ်၊ ထုံး၊ သဲ၊ ကျောက် (၁)နှစ်အတွက်** | | |
| | (၅)တန်နှင့်အထက်ယာဉ် | (၁)စီး | ၆၀၀၀၀ိ/- |
| | (၃)တန်မှ (၅)တန်အောက်ယာဉ် | ။ | ၄၀၀၀၀ိ/- |
| | (၃)တန်အောက်ယာဉ် | ။ | ၃၀၀၀၀ိ/- |
| | ထော်လာဂျီယာဉ် | ။ | ၁၅၀၀၀ိ/- |
| ၂ | **Box ယာဉ် (၁)နှစ်အတွက်** | (၁)စီး | ၆၀၀၀၀ိ/- |
| | Box ယာဉ်(၃)တန်အထက်မှ (၁၀)ဘီးယာဉ် | ။ | ၁၂၀၀၀၀ိ/- |
| | Box ယာဉ် (၁၂)ဘီးမှ (၂၂)ဘီးယာဉ် | ။ | ၂၄၀၀၀၀ိ/- |
| | ကရိန်းယာဉ်(၃)တန်မှ (၅)တန်ထိ (၁)နှစ်အတွက် | ။ | ၆၀၀၀၀ိ/- |
| | ကရိန်းယာဉ်(၅)တန်မှ (၁၀)တန်ထိ (၁)နှစ်အတွက် | ။ | ၁၂၀၀၀၀ိ/- |
| | ကရိန်းယာဉ်(၁၀)တန်အထက် (၁)နှစ်အတွက် | ။ | ၁၇၀၀၀၀ိ/- |
| | (၃)တန်အထက်ယာဉ် (၁)ရက်အတွက် | ။ | ၅၀၀၀ိ/- |
| | ကရိန်းယာဉ် (၁)ရက်အတွက် | ။ | ၃၀၀၀ိ/- |
| ၃ | **ဆီသယ်ယာဉ်မြို့တွင်းလမ်းအသုံးပြုခ(၁)နှစ်စာ** | | |
| | (၁၆၀၀ဂါလံအောက်)ယာဉ်(၁)စီး တစ်ဂါလံ | | ၂၀ိ/- |
| | ၁၆၀၀ဂါလံ | (၁)စီး | ၂၂၅၀၀ိ/- |
| | ၂၀၀၀ဂါလံ | ။ | ၂၇၀၀၀ိ/- |
| | ၂၄၀၀ဂါလံ | ။ | ၃၀၀၀၀ိ/- |
| | ၂၈၀၀ဂါလံ | ။ | ၃၇၅၀၀ိ/- |
| | ၃၂၀၀ဂါလံ | ။ | ၄၅၀၀၀ိ/- |
| | ၃၂၀၀မှ၅၀၀၀ထိ | ။ | ၈၀၀၀၀ိ/- |
| | ၅၀၀၀ဂါလံအထက် | ။ | ၁၅၀၀၀၀ိ/- |
| ၄ | **မြေသယ်ယာဉ် မြို့တွင်းဝင်/ထွက်ခွင့်** | (၁)ကျင်း | ၁၅၀ိ/- |
| ၅ | **မော်တော်ယာဉ်ဖြင့်ဈေးရောင်းချခွင့်** (၁)နှစ်အတွက်(ကားငယ်) | (၁)စီး | ၂၀၀၀၀ိ/- |
| | **မော်တော်ယာဉ်ဖြင့်ဈေးရောင်းချခွင့်** (၁)နှစ်အတွက်(ကားလတ်) | ။ | ၂၅၀၀၀ိ/- |

## ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ယာဉ်ရပ်နားစခန်းများ၊ ယာဉ်ရောင်းဝယ်ရေးစခန်းနှင့် ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းတို့၏ တိုးမြှင့်ကောက်ခံမည့်နှုန်းထားများ

| စဉ် | အမျိုးအမည် | ကောက်ခံသည့်အမျိုးအစား | တိုးမြှင့်ကောက်ခံမည့်နှုန်းထား | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဆိုင်ကယ် | ဂိတ်ဝင်ကြေး | ၃၀ိ/- | |
| ၂ | 600 cm (၁၉ ပေအောက်) | ။ | ၇၀ိ/- | |
| ၃ | 601 cm-815 cm (၁၉ ပေမှ၂၆ ပေအောက်ထိ) | ။ | ၁၀၀ိ/- | |
| ၄ | 816 cm - 1500 cm(၂၆ ပေမှ ၄၀ ပေထိ) | ။ | ၂၀၀ိ/- | |
| ၅ | (၈)ဘီးယာဉ်၊ (၂၂)ဘီးယာဉ် | ။ | ၃၅၀ိ/- | |
| ၆ | နိုင်ငံခြားသားဝင်ကြေး | ။ | ၁၀၀၀ိ/- | |
| ၇ | 815 cm (၂၆ ပေအောက်) | ညအိပ်ခွန် | ၆၀ိ/- | |
| ၈ | 816 cm (၂၆ ပေအထက်) | ။ | ၈၀ိ/- | |
| ၉ | ညအိပ်ခွန် (၁ တန်အောက်) | ။ | ၂၅ိ/- | |
| ၁၀ | ပြင်ပညအိပ်ခွန် ၄တန် (MDYအတွင်း) | ။ | ၇၀ိ/- | |
| ၁၁ | ပြင်ပညအိပ်ခွန် ၄တန် (MDYအပြင်) | ။ | ၈၀ိ/- | |
| ၁၂ | ပြင်ပညအိပ်ခွန် ၂၂ဘီး (MDYအတွင်း) | ။ | ၃၀၀ိ/- | |
| ၁၃ | ပြင်ပညအိပ်ခွန် ၂၂ဘီး (MDYအပြင်) | ။ | ၃၅၀ိ/- | |
| ၁၄ | ဆိုင်ကယ်လပေး | ဆိုင်ကယ်လပေး | ၉၀၀ိ/- | |
| ၁၅ | ကားလပေး | ကားလပေး | ၂၁၀၀ိ/- | |
| ၁၆ | ပွဲကျဈေးကောက်(အသေး) | ပွဲကျဈေးကောက် | ၅၀ိ/- | |
| ၁၇ | ပွဲကျဈေးကောက်(အကြီး) | ။ | ၁၀၀ိ/- | |
| ၁၈ | အတည်ပွဲကျဈေးကောက်(အသေး) | ။ | ၁၅၀ိ/- | |
| ၁၉ | အတည်ပွဲကျဈေးကောက်(အကြီး) | ။ | ၂၀၀ိ/- | |
| ၂၀ | ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်း | ပွဲကျဈေးကောက်(သေး) | ၁၀၀ိ/- | |
| | | ပွဲကျဈေးကောက်(လတ်) | ၃၀၀ိ/- | |
| | | ပွဲကျဈေးကောက်(ကြီး) | ၁၀၀၀ိ/- | |

## ပျောက်ဆုံးကြောင်း

ဦးရင်ထွေး(ဘ)ဦးအောင်သိန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနတ(နိုင်)၀၀၁၁၉၈) ကိုင်ဆောင်သူ၏ Passport No. 354003 သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဦးရင်ထွေး(ဖုန်း ၀၉-၂၇၉၀၀၆၄၁၉)**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁၈)၊ ဦးပိုင်နံပါတ်(၃၂+၃၉)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၁၁၀၂)ဧက အကျယ်အဝန်းရှိ ဗိုလ်ကြီးညွန့်ဝင်း(ငြိမ်း)အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ရွက်ဝါဦး(ဘ)ဦးမောင်ဦး(၁/ဟပန(နိုင်)၀၀၅၄၈၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင်(LL.M) တရားလွှတ်တော်ရှေ့နေ ဦးဖြိုးသာခန့် (LL.B) အထက်တန်းရှေ့နေ ဦးစည်သူအောင် (LL.B) အထက်တန်းရှေ့နေ ဒေါ်သဲမို့မို့ထွန်း (LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၆၇)၊ဦးပိုင်နံပါတ်(၂၇)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးလှမင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏မြောက်ဘက်အစွန်ဆုံးအခြမ်း(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးစံပေါ်(ဘ)ဦးကြွား(၉/မနမ(နိုင်) ၀၉၄၉၉၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင်(LL.M) တရားလွှတ်တော်ရှေ့နေ ဦးဖြိုးသာခန့် (LL.B) အထက်တန်းရှေ့နေ ဦးစည်သူအောင် (LL.B) အထက်တန်းရှေ့နေ ဒေါ်သဲမို့မို့ထွန်း (LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၇)၊ ဦးပိုင်နံပါတ်(၆၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဦးချောမောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်း ဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်သူရထွန်း(ဘ)ဦးထွန်းလင်း(၉/ခမစ(နိုင်)၀၆၀၈၇၂) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ ဒေါ်ဖူးသန့်မွန်(LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(က-၂)၊ ဦးပိုင်နံပါတ်(၁၃၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဦးပေ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း(၁၅ပေ×ပေ၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နီနီဝင်း(ဘ)ဦးအောင်ငွေ(၉/ပကခ(နိုင်)၀၁၁၆၆၀) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ ဒေါ်ဖူးသန့်မွန်(LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## ဖခင်အမည်မှန်

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ EDU Bridge ကိုယ်ပိုင်အလယ်တန်းကျောင်း Grade-9 မှ မောင်ဘုန်းမြတ်မင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးရင်ထွေး ဖြစ်ပါသည်။

**ဦးရင်ထွေး (၉/မနတ(နိုင်)၀၀၁၁၉၈)**

## ပျောက်ဆုံးကြောင်း

ဆာဘီသရီး(ဘ)ဦးခါရိကာဗဟာဒူး၊ မှတ်ပုံတင်ကတ်အမှတ်(၉/မကန(နိုင်)၀၆၇၃၉၀)ကိုင်ဆောင်သူ၏ Passport No. မမှတ်မိသည် ပျောက်ဆုံးနေပါသဖြင့် အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဆာဘီသရီး (ဖုန်း ၀၉-၉၅၁၂၁၄၈၆၈)**

## ပြင်ဆင်ဖတ်ရှုရန်

၁၈-၆-၂၀၂၆မန္တလေးနေ့စဉ်သတင်းစာ၊ စာမျက်နှာ ၁၆ ရှိ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်(စဉ်-၈)နှင့် ၁၉-၆-၂၀၂၆၊စာမျက်နှာ-၂၁၏ အကွက်(၅၆၅)၊ဦးပိုင်(၈၃-က)ကြော်ငြာစာတို့တွင် ၆၅Dလမ်း၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားအစား၊ ၈၄လမ်းနှင့် ၈၅လမ်းကြား၊ ၃၂လမ်းနှင့် ၃၃လမ်းကြားဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၅)၊ ဦးပိုင်အမှတ်(၆၈)၊ ဧရိယာ(ပေ ၄၀× ၆၀ပေ)အကျယ်အဝန်းရှိ ဦးကြည်မောင် အမည်ပေါက်ရှိသော ဂရန်မြေကွက်၏အရှေ့ဘက်ခြမ်း၊ ခဲစင်းပြဧရိယာ(၂၀× ၆၀)ပေအကျယ်အဝန်းရှိ မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ မြေစိုက်(၁)ထပ်အဆောက်အဦ၊ မီးမီတာ၊ အဝီစိတွင်း၊ သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်၊ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်+နိုတြီအထွေထွေကိုယ်စားလှယ်ပါဝါတို့ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝင်းဝင်းမော်(ဘ)ဦးမှတ်ကျောက်(၈/မမန(နိုင်)၁၆၉၃၆၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးနေဝင်းသန့် (LL.M) တရားလွှတ်တော်ရှေ့နေ**

**၃၅(အေ)–လမ်း၊ ၆၉ လမ်းနှင့် ၇၀(အေ)လမ်းကြား၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၇၇၇၈၈၈၆၆၊ ၀၉-၆၆၉၉၉၃၇၈၆၊ ၀၉-၂၀၃၈၇၈၆၊ ၀၉-၇၇၅၅၆၆၇၈၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်(၇၉၉)နေထိုင်သူ မမြရတနာစိုး(ဘ)ဦးနန်းတင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ခအဇ(နိုင်)၀၃၆၈၅၉)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူလက်ရှိအသုံးပြုလျက်ရှိသော လူမှုကွန်ရက်များဖြစ်သည့် Viber ၊ Telegram ၊ TikTok ၊ Facebook account များတွင် account အတုများဖြင့် ကိုယ်၊ စိတ်၊ ဂုဏ် အသရေပျက်စေသော စကားများ၊ စာများရေးသားပေးပို့ခြင်း၊ TikTok တွင် ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာထိခိုက်စေသော အသရေပျက်စေသည့်စာများ မဟုတ်မမှန်ရေးသား၍ Post များတင်ကာ အမည်ပျက်စေရန် ပြုလုပ်နေကြောင်း ကြားသိရပါသည်။ ထို့ကြောင့် မည်သူမဆို ကျွန်ုပ်မိတ်ဆွေ ဖြစ်သူ လက်ရှိအသုံးပြုလျက်ရှိသော Viber ၊ Telegram ၊ Tik Tok ၊ Facebook account စသည့် လူမှုကွန်ရက်များနှင့် ပတ်ဝန်းကျင်တွင် ကျွန်ုပ်မိတ်ဆွေနှင့်ပတ်သက်၍ ကိုယ်၊ စိတ်၊ ဂုဏ်သရေအား ထိခိုက်အနှောင့်ယှက်ဖြစ်စေသောစာများ ရည်ရွယ်ချက်ရှိစွာ မမှန်မကန်ရေးသားပေးပို့ခြင်း၊ ဓာတ်ပုံများ၊ ဗီဒီယိုဖိုင်များဖြင့် ပြုလုပ်ဖြန့်ဝေခြင်းများအား လုံးဝမပြုလုပ်ပါရန်နှင့် အကယ်၍ ပြုလုပ်ထားခြင်းရှိပါက ယနေ့မှစ၍ အပြီးတိုင်ဖျက်သိမ်းပေးပါရန် အသိပေးကြေညာအပ်ပါသည်။

မည်သူမဆို ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာထိခိုက်စေမည့် အထက်ဖော်ပြပါ လုပ်ရပ်များအား ဆက်လက်လုပ်ဆောင်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မမြရတနာစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးကျော်စင်ဦး(စဉ်–၁၉၃၃၉)** — **ဦးစိုးအောင်(စဉ်–၅၃၆၃၈/ ၂၀)**

**တရားလွှတ်တော်ရှေ့နေ** — **အထက်တန်းရှေ့နေ**

**အကွက်(၃၆)၊ အမရဋ္ဌာနီအရှေ့ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။**

**ဖုန်း ၀၉-၇၉၄၇၀၆၅၈၅၊ ၀၉-၇၇၃၂၈၈၀၇၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်၊ အကွက်အမှတ်(ဖ/၇)၊ ဦးပိုင်အမှတ်(၁၈၇)၊ ဧရိယာ(၀ ဒသမ ၀၃၁)ဧက၊ (၃၀×၄၅)ပေ အကျယ်အဝန်းရှိ ဒေါ်နှင်းဆီ(ဘ)ဦးသံချောင်း(MDYNW- ၀၃၅၇၇၂)အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း(၁၅× ၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်ကို အရောင်းအဝယ် အရပ်ကတိစာချုပ်အဆင့်ဆင့်၊ နိုတြီဂျီပီ အဆင့်ဆင့်တို့အရ ဝယ်ယူလက်ရှိထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ရန်ယီဖန့်(ဘ)ဦးစီချူး(၁/မမန(နိုင်)၀၃၁၆၉၁)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သတ်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ခင်သန်းလှိုင်(LL.B)**

**အထက်တန်းရှေ့နေ**

**၆၄(စီ)လမ်း၊ ၁၁၈နှင့် ၁၁၉လမ်းကြား၊ (ဂ)ရပ်ကွက်၊**

**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၅၈၀၅၂၉**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီးကင်းရပ်ကွက်၊ အကွက်အမှတ်(၈၆)၊ဦးပိုင် အမှတ်(၂၈+၂၉) ဒေါ်ကြူး၊ ဦးခင်မောင်မြင့်အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ ဦးပိုင်အမှတ်(၂၉)၏ အရှေ့ဘက်ခြမ်း ဧရိယာ မျက်နှာစာအရှေ့အနောက်(၁၅)ပေ၊ တောင်မြောက်(မြေအရှိအတိုင်း)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ရယူပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သည့် ဝန်ခံကတိပြုသူ ဦးနန္ဒသူ(ဘ)ဦးခင်မောင်မြင့်(၉/အမဇ(နိုင်)၀၂၂၅၂၁)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်နှင့် ပတ်သတ်ပြီးကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တရားဝင်စာရွက်စာတမ်း အထောက်ထားမူရင်းများနှင့်တကွ ယခုကြေညာသည့်ရက်မှ(၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**

**ဒေါ်နွေးယုအောင်(LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**လမ်း ၄၀ နှင့် ၄၁ လမ်းကြား၊ လမ်း ၆၀ နှင့် ၆၁ လမ်းကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊**

**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၄၉၀၀၃၃၁၁**

## အကွက်အမှတ်(ဋ-၁၀)၊ ဦးပိုင်အမှတ်(၉၄-က)၊ ပေ(၁၅×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဋ-၁၀)၊ ဦးပိုင်အမှတ်(၉၄-က)၊ (၁၅×၄၀)ပေအကျယ်အဝန်းရှိ မြေကွက်မှာ ဦးသိန်းဇေ အမည်ဖြင့် ရရှိထားသော(စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာဖြင့် လက်ထိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဦးအေးမင်း(ဘ)ဦးပေါလှိုင်(၉/မနတ(နိုင်)၀၆၉၁၀၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ယဉ်ယဉ်မေ(LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၅)၊ ဦးပိုင်အမှတ်(၅၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဦးဖုန်းမြင့် အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိကဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်ဇာဝေ(ဘ)ဦးမာတန်(၁/မကတ(နိုင်)၁၃၀၁၈၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်အေးအေးခိုင်**

**(တရားလွှတ်တော်ရှေ့နေ)**

**အမှတ်(ဆ–၇/၈၅–က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား၊ (၁၀၉လမ်းမှဝင်ရမည်)၊ မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၁၀၇၆၀**

## "အကွက်အမှတ်(ညည-၅၆)၊ ဦးပိုင်အမှတ်(၈)မြေကွက်ထဲမှ တောင်ဘက်ခြမ်းပေ(၂၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း"

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၅၆)၊ ဦးပိုင်အမှတ်(၈)၊ (၆၀×၄၀)ပေအကျယ်အဝန်းရှိ မြေကွက်မှာ "ဦးကိုကြီး"အမည်ဖြင့် ရရှိထားသော(စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ထဲမှ တောင်ဘက်ခြမ်း(၂၀×၄၀)ပေအကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူပြောဆိုသူဖြစ်သည့် ဒေါ်အေးအေးလွင်(ဘ)ဦးသိန်း(၉/မရမ(နိုင်)၀၂၅၉၀၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ယဉ်ယဉ်မေ(LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈**

## ပျောက်ဆုံးကြောင်း

မောင်ဖုန်ဝင်ကျယ်(ဘ)ဦးယောင်လွင်ပေါင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ကခန(နိုင်)၁၄၉၂၂၈)ကိုင်ဆောင်သူ၏Passport No အမှတ် မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**မောင်ဖုန်ဝင်ကျယ်**

**ဖုန်း ၀၉-၆၈၆၆၀၃၈၇၀**

## ပျောက်ဆုံးကြောင်း

မမြတ်ရတနာခိုင်(ဘ)ဦးသန်းထွန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/လရန(နိုင်)၂၂၂၆၇၄)ကိုင်ဆောင်သူ၏ Passport No အမှတ် မမှတ်မိသည် ပျောက်ဆုံးသွားပါ သဖြင့်တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**မမြတ်ရတနာခိုင်**

**ဖုန်း ၀၉-၉၄၃၁၅၅၉၆၉**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်ကွက်၊ အကွက်အမှတ်(၁၇၈)၊ ဦးပိုင်အမှတ်(၃၃)၊ ဧရိယာ(၀ ဒသမ ၀၃၈၈)ဧက အကျယ်အဝန်းရှိ ဒေါ်မြင့်မြင့်သန်း အမည်ပေါက်ရှိသော ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ (၄)ထပ်အဆောက်အအုံ၊ ရေမီတာ၊ မီးမီတာ၊ သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်၊ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိက တရားဝင်အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်သန်း (အဘ)ဦးစိုးမြင့်(၇/ပမန(နိုင်)၀၀၀၁၆၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း၊ အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**(ဦးအောင်မြင့်)တရားလွှတ်တော်ရှေ့နေ၏ တပည့်များ**

**ဦးချစ်ညီညီ (LL.B)　　ဦးဆွေသန့်ဝင်း (LL.B)　　ဦးဆန်းမြင့်နိုင် (LL.B)**

**(ဥပဒေအကျိုးဆောင်ရှေ့နေများ)**

**အမှတ်(၂၂၁)၊ ၆၃လမ်း၊ ၂၆လမ်းနှင့်၂၇လမ်းကြား၊ မန္တလေးမြို့။ ဖုန်း ၀၂-၄၀၃၃၉၉၀၊ ၀၂-၄၀၇၂၇၇၉၊ ၀၉-၂၀၀၀၂၆၁၊ ၀၉-၇၉၂၀၆၆၉၉၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ငွေကြီးကုန်းကျေးရွာ၊ ဧရိယာ (၁၅ပေ× ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးကျော်မင်းထွေး(၉/ခအေ(နိုင်)၀၀၆၉၄၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးရဲကျော်သူ (ဘ)ဦးမြင့်နိုင်(၁၄/ဟသတ(နိုင်)၃၀၅၆၁၉)မှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါသည်။

ယခုအခါ အဆိုပါမြေကွက်နှင့်ပတ်သက်သော စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် မြေပုံ၊ မြေရာဇဝင်ရေးဆွဲခြင်း၊ ဂရန်လျှောက်ထားခြင်းများ ပြုလုပ်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးကံထူး(B.A,H.G.P,R.C, R.L)**

**(အထက်တန်းရှေ့နေ)**

**စဉ်-၁၉၂၄၀(၃-၁၁-၁၉၉၀)**

**၃၅လမ်း၊ ၅၅လမ်း၊ ကန်ကောက်သစ်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၇၇၇၇၃၀၃၂၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၄၆)၊ ဦးပိုင်အမှတ်(၂၃)၊ ဧရိယာ(၀ ဒသမ ၀၄၅၉)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးသက်နိုင်ဦး (ပါ-၂) အမည်ပေါက် ဘိုးဘမြေကွက်ဖြစ်ပါသည်။

အဆိုပါ ဘိုးဘမြေကွက်အား အမည်ပေါက်သူများအနက် အစ်ကို ဦးသက်နိုင်ဦး ကွယ်လွန်ခဲ့ရာ အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်စီစီမြတ်ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်အိအိမောင်က ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်တင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်သွယ်သွယ်လှိုင် (စဉ်-၉၄၃၆)**

**တရားလွှတ်တော်ရှေ့နေ**

**အမှတ်(၂၅-က)၊ ၃၅(ဘီ)လမ်း၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊**

**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၀၁၂၀၄၄၊ ၀၉-၆၆၉၉၇၄၇၀၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ်(ဈ)၊ ဦးပိုင်အမှတ်(၁၅)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀× ၆၀)အကျယ်အဝန်းရှိ ဒုတိယ ဗိုလ်မှူးကြီးဉာဏ်ထွန်းဦး အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ အမည်ပေါက်သူထံမှ ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်-၇၃၄၃/၂၀၂၀ အရ အထူးကိုယ်စားလှယ်ပါဝါလက်ခံရယူကာ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး တရားဝင်ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ရင်နှင်းအေး (အဘ)ဦးတင်မောင်အေး(၉/ပကခ(နိုင်)၀၀၀၁၂၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လက်ရောက် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုပြ စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ငွေငွေဦး(LL.B)　　ဒေါ်ခိုင်ခိုင် (LL.B)**

**တရားလွှတ်တော်ရှေ့နေများ**

**အကွက်(၅၁၃/၃)၊ ကျွန်းမာရေးရပ်၊ ကန်ကောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၄၁၀၂၆၁၈၉၊ ၀၉-၄၄၄၀၂၆၁၈၉၊ ၀၉-၇၈၀၆၉၂၆၇၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၆)၊ ဦးပိုင်နံပါတ်(၅၀-က)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိအမည်ပေါက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးလင်ကိန်းဆုံး (ဘ)ဦးလင်ချွန်မှု(၁၃/ကခန(နိုင်)၁၀၁၁၈၂) [၎င်း၏ ကိုယ်စား ဦးရဲထက်အောင် (ဘ)ဦးမော်ရင်ကန်(၁၃/ကခန(နိုင်)၀၈၂၈၅၅)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ**

**ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၆၀၄)၊ ဦးပိုင်အမှတ်(၂၈)၊ ဧရိယာ(၀ ဒသမ ၀၄၆၈)ဧက အကျယ်အဝန်းရှိသော ဒေါ်ခင်မာလွင်(ပါ-၅)ဦး အမည်ပေါက်ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ (၃)ထပ် အဆောက်အအုံ၊ ရေမီတာ၊ လျှပ်စစ်မီတာ (ဆက်လက်သုံးစွဲခွင့် အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော (၁)ဒေါ်ခင်မာလွင် (ဘ)ဦးမောင်မောင်လွင် (၉/မရမ(နိုင်)၀၆၃၄၇၃)၊ (၂)ဒေါ်ခင်ဝေလွင် (ဘ)ဦးမောင်မောင်လွင်(၉/မနမ(နိုင်)၀၉၃၅၅၇)၊ (၃)ဦးမျိုးလွင် (ဘ)ဦးမောင်မောင်လွင် (၉/မရမ(နိုင်)၀၆၃၄၀၈)၊ (၄)ဦးတင့်လွင် (ဘ)ဦးမောင်မောင်လွင်(၁၃/မဆတ(နိုင်)၀၀၇၀၇၆)၊ (၅)ဦးမြင့်လွင် (ဘ)ဦးမောင်မောင်လွင် (၉/မရမ(နိုင်)၀၆၃၄၀၇)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**

**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029**

**ladylawyer. khinninisoe @ gmail. com**

## မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ်(၁၄၈)၊ ဦးပိုင်အမှတ်(၃၁-ဃ)၊ ဧရိယာ(၀ ဒသမ ၀၄၁၆)ဧက အကျယ်အဝန်းရှိသော ဦးဝင်းဟိန်း အမည်ပေါက်ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ် (၂)ထပ် အဆောက်အအုံ၊ ရေမီတာ၊ လျှပ်စစ်မီတာ (ဆက်လက်သုံးစွဲခွင့် အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော (၁)ဦးဝင်းဟိန်း (ဘ)ဦးဘဟိန်း(၉/မနမ(နိုင်)၀၉၂၃၇၆)၊ (၂)ဒေါ်အေးအေးဝင်း (ဘ)ဦးကျန်းခေါ်(၁/မကန(နိုင်)၀၁၆၀၁၃)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**

**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029**

**ladylawyer. khinninisoe @ gmail. com**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ



လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

**နေပြည်တော် ဇူလိုင် ၅**

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ ပဉ္စမနေ့ကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)၌ ဆက်လက်ကျင်းပလျက်ရှိပြီး ယနေ့ Linking Event-3(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားမှုကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သောင်းနိုင်ဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားဝါသနာရှင် ပရိသတ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ Linking Event-3(အမျိုးသမီး)ပြိုင်ပွဲတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းက ရမှတ် ၃၁၇ မှတ်၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၂၃၀၊ ပညာရေးဝန်ကြီးဌာနအသင်းက ရမှတ် ၄၁၆ မှတ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက ရမှတ် ၃၂၆ မှတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကရမှတ် ၄၁၉ မှတ်၊ အားကစားရေးရာဝန်ကြီးဌာနအသင်းက ရမှတ် ၃၇၀၊ Linking Event-3(အမျိုးသား)ပြိုင်ပွဲတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းက ရမှတ် ၃၀၁ မှတ်၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၂၂၈ မှတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းက ရမှတ် ၄၇၉ မှတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ရမှတ် ၃၁၄ မှတ်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းက ရမှတ် ၄၄၄ မှတ်၊ ပညာရေးဝန်ကြီးဌာနအသင်းက ရမှတ် ၄၃၅ မှတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၄၀၄ မှတ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက ရမှတ် ၄၁၃ မှတ်၊ အားကစားရေးရာဝန်ကြီးဌာနအသင်းက ရမှတ် ၃၈၁ မှတ်နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အသင်းက ရမှတ် ၅၀၈ မှတ်ရရှိကြသည်။

ဇူလိုင် ၆ ရက်တွင် ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် Linking Event-3(အမျိုးသမီး)ပြိုင်ပွဲတွင် ပညာရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ Linking Event-3(အမျိုးသား)ပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အသင်း၊ လေးပေါက်တန်း(အမျိုးသမီး)ပြိုင်ပွဲတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်း၊ ခြောက်ပေါက်တန်း(အမျိုးသား)ပြိုင်ပွဲတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ဇူလိုင် ၁ ရက်မှ ၆ ရက်အထိ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)၌ ကျင်းပလျက်ရှိသည့် ဝန်ကြီးဌာနပေါင်းစုံရိုးရာခြင်းလုံးပြိုင်ပွဲများကို မည်သူမဆို "အခမဲ့"လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်းနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ဇူလိုင် ၇ ရက် မွန်းလွဲ ၃ နာရီမှစတင်၍ မြန်မာအသံနှင့် ရုပ်မြင်သံကြား ရုပ်သံလိုင်းများဖြစ်သည့် MRTV-4 HD Channelနှင့် MRTV Sports Channel တို့တွင် တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လက်ရွေးစင်ဟောင်းများ တက်ရောက်ခဲ့သည့် AFC/MFF "B" Diploma Coaching Course နည်းပြသင်တန်းဆင်း




**ရန်ကုန် ဇူလိုင် ၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)က ကြီးမှူးဖွင့်လှစ်ခဲ့သော AFC/MFF "B" Diploma Coaching Course နည်းပြသင်တန်းဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၅ ရက်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ နည်းပြသင်တန်းကို ဘောလုံးနည်းပြ ကဏ္ဍတွင် အဆင့်မြင့်နည်းဗျူဟာများနှင့် အရည်အချင်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ဇွန် ၂၆ ရက်မှ ဇူလိုင် ၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်သည်။

သင်တန်းတွင် မြန်မာ့လက်ရွေးစင်ကစားသမားဟောင်းများဖြစ်ကြသည့် နိုင်ဇေယျာထွန်း၊ နေလင်းထွန်း၊ ကျော်သူထွန်း၊ သန်းထိုက်အောင်၊ ခင်သန်းဝေ စသည့်လက်ရွေးစင် ကစားသမားဟောင်းများ အပါအဝင် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၂၆ ဦး တက်ရောက်ခဲ့ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်က သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး နည်းစနစ်ဒါရိုက်တာ Mr. Michi-teru Mita က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် အားပေးစကားများ ပြောကြားခဲ့သည်။ ဆက်လက်၍ နည်းပြသင်တန်းဆရာ ဦးညီညီလတ်က သင်တန်းကာလအတွင်း သင်ကြားပြသခဲ့မှုများနှင့် ပတ်သက်၍ နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ထို့နောက် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစည်သူဝင်း၊ နည်းစနစ်ဒါရိုက်တာ Mr. Michiteru Mita နှင့် သင်တန်း နည်းပြဆရာတို့က သင်တန်းသား၊ သင်တန်းသူများထံသို့ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသား ကိုယ်စားလှယ်တစ်ဦးက ယခုကဲ့သို့ အဆင့်မြင့်နည်းပြသင်တန်းကို ဖွင့်လှစ်ပေးခဲ့မှုအပေါ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် နည်းပြဆရာများအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် AFC/MFF "B" Diploma Coaching Course နည်းပြသင်တန်းဆင်းပွဲ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ပြီး တက်ရောက်လာကြသော တာဝန်ရှိသူများ၊ သင်တန်းဆရာများနှင့် သင်တန်းသား၊ သင်တန်းသူများ စုပေါင်း၍ အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။

**(NGB)**

# မိုးစပါးများစိုက်ပျိုးရန်အတွက် မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**ကျောက်ဆည် ဇူလိုင် ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ တောင်သူများ မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်ကြီးများဖြင့် မြေပြုပြင်ခြင်းလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ကျောက်ဆည်မြို့နယ်၌ ဒေသတွင်း ဆန်စပါးဖူလုံပိုလျှံရေး ၂၀၂၆-၂၀၂၇ တွင် ဇော်ဂျီဆည်ရေသောက်စနစ်ဖြင့် ၃၅၉၉၄ ဧက၊ ကင်းတားဆည်ရေသောက်စနစ်ဖြင့် ၁၆၀၂၇ ဧက၊ သစ်တက္ကုန်းဆည်ရေသောက်စနစ်ဖြင့် ၄၃၆ ဧက၊ မိုးကောင်းသောက်(မိုးရေ)ဖြင့် ဧက ၂၅၀၊ စက်ရေတွင်း (မြေအောက်ရေ)ဖြင့် ဧက ၁၀၀ စုစုပေါင်း ၂၅၈၁၇ ဧက လျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးစပါးများ စိုက်ပျိုးရာ၌ ရေမြေဒေသအလိုက် ရောမင်းစပါး ၁၉၃၁၇ ဧက၊ မနောသုခစပါး ဧက ၃၃၀၀၀၊ အောင်နိုင်တိုးဧက ၅၀ ၊ GW-11 စပါး ဧက ၄၅၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**(၄၈၅)**



# ဂိုးသမား စိုးအာကာအား ရန်ကုန်စီးတီးအသင်း နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူ

**ရန်ကုန် ဇူလိုင် ၅**

ရန်ကုန်စီးတီးအသင်းသည် လာမည့် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအတွက် ကြိုတင်ပြင်ဆင်မှုအဖြစ် မြန်မာ့လက်ရွေးစင် ဂိုးသမားဟောင်းနှင့် ဧရာဝတီယူနိုက်တက်အသင်း၏ ဂိုးသမား စိုးအာကာအား နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့သည်။

စိုးအာကာသည် မြန်မာ ယူ-၁၆၊ မြန်မာ ယူ-၁၉၊ မြန်မာ ယူ-၂၂အသင်းများတွင် လက်ရွေးစင်အဖြစ် တောက်လျှောက် ရွေးချယ်ခံခဲ့ရပြီး နိုင်ငံတကာပွဲများစွာကို ကစားဖူးသည့် အတွေ့အကြုံရှိသူတစ်ဦးလည်းဖြစ်သည်။

ထို့ပြင် စိုးအာကာသည် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့်အတူ ၂၀၂၂ အာဆီယံ ဆုဇူကီးဖလားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ကစားသမား ၁၀၀ အမြင့်ဆုံး မှတ်ကျောက်တစ်ခုကို စိုက်ထူထားနိုင်ခဲ့သည်။

စိုးအာကာ က "အခွင့်အရေးပေးခဲ့တဲ့ အသင်းက လူကြီးတွေကို ကျေးဇူးတင်ပါတယ်။ ကစားဖော်အဟောင်းတွေနဲ့လည်း ပြန်တွေ့တယ်။ စည်းစည်းလုံးလုံးရှိကြပါတယ်။ ပြီးတော့ ပြင်ဆင်မှုအားကောင်းတဲ့အသင်းကို ရောက်လာလို့ အမြဲကြိုးစားသွားမှာပါ" ဟု ပြောသည်။

**နိုင်ကမ္ဘာ**

